ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဖိလစ်ပိုင်သမ္မတနိုင်ငံ
# တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သောအမှုအား
# လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူများ -

(က) ဒေါက်တာမေဆုလှိုင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ

(ခ) ဒေါ်အေးအိအိခိုင်
ဒုတိယဦးစီးမှူး
တရားစီရင်ရေးဌာနခွဲ


ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်

Contents


နိဒါန်း ........................................ ၁

အပိုင်း (၁) ဖိလစ်ပိုင်နိုင်ငံတရားလွှတ်တော်ချုပ်၏ သမိုင်းကြောင်း........................................ ၁

၁။ စပိန်တို့အုပ်စိုးစဉ်တရားစီရင်ရေးစနစ် ........................................ ၂

၂။ အမေရိကန်တို့အုပ်စိုးစဉ်တရားစီရင်ရေးစနစ် ........................................ ၂

၃။ ဖိလစ်ပိုင်နိုင်ငံ တရားလွှတ်တော်ချုပ် ........................................ ၃

၄။ ခနေသဟာယတရားလွှတ်တော်ချုပ် ........................................ ၃

၅။ ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သောတရားလွှတ်တော်ချုပ် ........................................ ၄

၆။ ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သော တရားလွှတ်တော်ချုပ်........................................ ၄

အပိုင်း (၂) ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်က ထုတ်ပြန်သည့် ညမထွက်ရအမိန့် (Curfew Ordinance) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဖိလစ်ပိုင်တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်လျှောက်ထားခြင်းကိစ္စ ........................................ ၅

၁။ လျှောက်ထားသူများ........................................ ၅

၂။ တရားပြိုင်များ ........................................ ၅

၃။ လျှောက်ထားသည့် စာချွန်တော်အမိန့်အမျိုးအစား ........................................ ၆

၄။ အမှုဖြစ်အကြောင်းအရာ........................................ ၆

၅။ လျှောက်ထားသူများ၏ ကျိုးကြောင်းဖော်ပြမှု........................................ ၆

၆။ တရားရုံးမှ စိစစ်ရန်အကြောင်းခြင်းရာ........................................ ၈

၇။ တရားရုံး၏ စိစစ်သုံးသပ်မှု........................................ ၈

(၁) လုပ်ထုံးလုပ်နည်းအငြင်းပွားမှုအပေါ်စိစစ်သုံးသပ်မှု........................................ ၈

(၂) လျှောက်ထားသူများ၏ တောင်းဆိုချက်အပေါ်တွင် စိစစ်သုံးသပ်မှု ........................................ ၁၁

(၂-၁) အဓိပ္ပာယ်ရှင်းလင်းပြတ်သားမှုမရှိခြင်းကြောင့် ပျက်ပြယ်ခြင်း (Void for Vagueness) .. ၁၁

(၂-၂) ကလေးသူငယ်များပြုစုပျိုးထောင်ရန်မှာ မိဘများ၏ အခွင့်အရေးဖြစ်ခြင်း........................................ ၁၂

(၂-၃) အရွယ်မရောက်သေးသူများ၏ ခရီးသွားလာခွင့် အခွင့်အရေး........................................ ၁၄

(၂-၄) Manila မြို့၏ ညမထွက်ရအမိန့်ပါ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ........................................ ၂၃

၈။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက် ........................................ ၂၇

နိဂုံး ........................................ ၂၈

ရည်ညွှန်းကိုးကားစာရင်း ........................................ ၃၀

# ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သော အမှုအား လေ့လာတင်ပြခြင်း

**နိဒါန်း**

၁။ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သော ဖိလစ်ပိုင်သမ္မတနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဘက် ကျွန်းစုပေါ်တွင် တည်ရှိပြီး ကျွန်းပေါင်း ၇၀၀၀ ကျော်ရှိသည့် ကျွန်းစုနိုင်ငံဖြစ်ပါသည်။ ဧရိယာ စတုရန်း ကီလိုမီတာ ၃ သိန်းခန့် ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် တောင်တရုတ်ပင်လယ်၊ အရှေ့ဘက်တွင် ဖိလစ်ပိုင်ပင်လယ်နှင့် တောင်ဘက်တွင် ဆူးလူးနှင့် ဆီလီဘီးစ်ပင်လယ်များက ဝန်းရံလျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ ၁၁၂ သန်းကျော် နေထိုင်လျက်ရှိသည်။ နိုင်ငံ၏ မြို့တော်မှာ MANILA မြို့ဖြစ်ပြီး အစိုးရ ရုံးစိုက်ရာမြို့မှာ ကွီးဇုန် (Quezon) မြို့ ဖြစ်သည်။

၂။ ဖိလစ်ပိုင်သမ္မတနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဥပဒေစနစ်သည် ဥရောပဥပဒေစနစ်(Civil Law System) နှင့် အင်္ဂလိပ်-အမေရိကန် ဥပဒေစနစ် (Common Law) စနစ်များ၊ ဓလေ့ထုံးတမ်းအသုံးပြုမှုနှင့် အစ္စလာမ်ဥပဒေ တို့ကို ပေါင်းစပ်ထားသည်။

**အပိုင်း (၁) ဖိလစ်ပိုင်နိုင်ငံတရားလွှတ်တော်ချုပ်၏ သမိုင်းကြောင်း**

၃။ စပိန်တို့၏ ကိုလိုနီနယ်မြေများအဖြစ် မသိမ်းပိုက်မီက ဖိလစ်ပိုင်ကျွန်းစုများသည် နိုင်ငံတစ်နိုင်ငံအဖြစ် စုစည်းထားခြင်းမဟုတ်ပေ။ စပိန်ကိုလိုနီတို့သည် ဖိလစ်ပိုင်ကျွန်းစုသို့ ရောက်ရှိလာသောအခါတွင် တိုင်းရင်းသားဒေသခံဖိလစ်ပိုင်လူမျိုးများတွင် အက္ခရာတင်ထားသည့် မည်သည့် ဥပဒေမျှ မရှိခဲ့ပေ။ အဓိကအားဖြင့် ဥပဒေများသည် ဓလေ့ထုံးတမ်း၊ အလေ့အထနှင့် အစဉ်အလာများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုဥပဒေများကို ဘုရားသခင်ကပေးသည်ဟု ဖိလစ်ပိုင်ဒေသခံ တိုင်းရင်းသားများက ယုံကြည်ခဲ့ကြပြီး မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်း လိုက်နာခဲ့ကြသည်။ အဆိုပါကိစ္စရပ်များအတွက် အတိုင်ပင်ခံပုဂ္ဂိုလ်များအဖြစ် အရည်အချင်းပြည့်မီရန် မျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းများ၊ အလေ့အထနှင့် အစဉ်အလာများကို လေ့လာရန် လူမျိုးအကြီးအကဲများက အချိန်ပေးလေ့လာခဲ့ကြသော်လည်း ဥပဒေနှင့်အညီ စနစ်တကျလေ့ကျင့်သင်ကြားပေးထားသော တရားသူကြီးများနှင့် ရှေ့နေများ မရှိကြပေ။ မိသားစုအခြေခံသည့် လူ့အသိုက်အဝန်းတစ်ခုဖြစ်သော barangay တွင် လူမျိုးစုအကြီးအကဲသည် အစိုးရလုပ်ငန်းဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ဆောင်ရွက်သည်။ လူမျိုးစုအကြီးအကဲသည်

၎င်း၏ barangay အတွင်းရှိ အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် အမှုများကို ဆုံးဖြတ်ရာတွင် တရားသူကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

**စပိန်တို့အုပ်စိုးစဉ်တရားစီရင်ရေးစနစ်**

၄။ စပိန်တို့က ဖိလစ်ပိုင်ကျွန်းစုများကို သိမ်းယူပြီး အစောပိုင်းကာလတွင် ဘုရင် Philip II သည် တရားစီရင်ရေးကိစ္စရပ်များသာမက ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များကိုလည်း အပ်နှင်းထားသည့် မနီလာတော်ဝင်တရားရုံး (the Real Audiencia de Manila) ကို တည်ထောင်ခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဘုရင်ခံချုပ်၊ တွဲဖက်တရားသူကြီးနှင့် အဆင့်တူ ၄ ဦး၊ တရားရေးအကြံပေးတစ်ဦး၊ ရဲချုပ်တစ်ဦး၊ အခြားအရာရှိကြီးများဖြင့် ဖွဲ့စည်းထားသည့် မနီလာတော်ဝင်တရားရုံး (the Real Audiencia de Manila) သည် မူလတရားရုံး နှင့် အယူခံတရားရုံး နှစ်ခုစလုံးဖြစ်သည်။ ၎င်းတွင် သီးသန့်မူလစီရင်ပိုင်ခွင့်၊ တစ်ပြိုင်တည်းမူလစီရင်ပိုင်ခွင့်နှင့် သီးသန့်အယူခံစီရင်ပိုင်ခွင့်များ ရှိသည်။ ထို့အတူ Audiencia တွင် အသစ်တည်ထောင်ထားသော မြို့များ၏ အခြေချနေထိုင်သူများကို မြေများ ခွဲဝေပေးခြင်းကဲ့သို့သော အုပ်ချုပ်ရေး လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခဲ့သည်။ သို့သော် ၁၈၆၁ ခုနှစ်တွင် Audiencia သည် အဆိုပါအုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို လုပ်ဆောင်ခြင်းမှ ရပ်ဆိုင်းခံခဲ့ရပြီး တရားစီရင်ရေးအာဏာကိုလည်း ကန့်သတ်ခြင်းခံခဲ့ရသည်။ ၁၈၈၆ ခုနှစ်တွင် Cebu နယ်မြေတရားရုံး (the Audiencia Territorial de Cebu) ကို တည်ထောင်ခဲ့သောအခါ မနီလာတော်ဝင်တရားရုံး (the Real Audiencia de Manila)၏ အမည်ကို မနီလာနယ်မြေတရားရုံး (the Audiencia Territorial de Manila) Audiencia သို့ ပြောင်းလဲခဲ့သည်။

**အမေရိကန်တို့အုပ်စိုးစဉ်တရားစီရင်ရေးစနစ်**

၅။ ၁၈၉၈ ခုနှစ် စပိန်-အမေရိကန်စစ်ပွဲတွင် စပိန်တို့စစ်ရှုံးခဲ့ပြီးနောက် စပိန်အစိုးရသည် ဖိလစ်ပိုင်ကျွန်းစုကို အမေရိကန်အစိုးရသို့ ပေးအပ်ခဲ့သည်။ အမေရိကန်အစိုးရသည် ဖိလစ်ပိုင်ကို လွတ်လပ်ရေးပေးရန်ရည်ရွယ်ချက်ဖြင့် အုပ်ချုပ်ရေးအဆင့်အတန်းကိုလည်း တစ်စတစ်စ မြှင့်တင်ပေးခဲ့သည်။ ဖိလစ်ပိုင်ကျွန်းစုများအတွက် လွတ်လပ်သော တရားစီရင်ရေးအဖြစ် အရည်အချင်းပြည့်မီသော ဒေသခံများနှင့် အမေရိကန်များမှ ရွေးချယ်ထားသော တရားသူကြီးများဖြင့် ဖွဲ့စည်းရန်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ၁၈၉၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အမေရိကန်တို့မှ အသိအမှတ်ပြုထားသော စပိန်ဥပဒေများနှင့် တရားစီရင်ရေးဆိုင်ရာဥပဒေများကို ဆက်လက်အာဏာသက်ရောက်စေရန်အတွက် မနီလာနယ်မြေတရားရုံး (the Audiencia Territorial de Manila) အား ပြန်လည်တည်ထောင်သည့် အထွေထွေအမိန့်အမှတ် ၂၀ ကို ထုတ်ပြန်ကြေညာခဲ့သည်။ မနီလာနယ်မြေ

တရားရုံးကို ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင် ၈ ဦးဖြင့် ဖွဲ့စည်းထားပြီး တရားမဌာန (the sala de lo civil) နှင့် ပြစ်မှုဆိုင်ရာဌာန (the sala de lo criminal) ဟူ၍ အပိုင်း ၂ ပိုင်းခွဲထားခဲ့သည်။

**ဖိလစ်ပိုင်နိုင်ငံ တရားလွှတ်တော်ချုပ်**

၆။ ၁၉၀၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ဖိလစ်ပိုင်ကော်မရှင်သည် "ဖိလစ်ပိုင်ကျွန်းစုရှိ တရားရုံးများ ဖွဲ့စည်းမှုအက်ဥပဒေ" အက်ဥပဒေအမှတ် ၁၃၆ ကို အတည်ပြုခဲ့ပြီး တရားလွှတ်တော်ချုပ်၊ မူလတရားရုံးများကို တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရာဇဝတ်တရားသူကြီးများကိုလည်း ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ အဆိုပါတရားစီရင်ရေးအဖွဲ့အစည်းများကို ဖိလစ်ပိုင်ကော်မရှင်တွင် ပါဝင်သော အမေရိကန်ရှေ့နေများက အကြံပြုချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စုရှိ တရားစီရင်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုပုံစံနှင့် ဆင်တူခဲ့ပါသည်။ တရားလွှတ်တော်ချုပ်တွင် တရားသူကြီးချုပ် တစ်ဦးနှင့် တရားသူကြီး ၆ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားခဲ့သည်။ စီရင်ချက်ချမှတ်ရန်အတွက် တရားရုံး၏ အဖွဲ့ဝင် ၅ ဦး ဖြင့် ဆောင်ရွက်နိုင်ပြီး အနည်းဆုံးအဖွဲ့ဝင် ၄ ဦးက သဘောတူညီမှုရှိရန် လိုအပ်သည်။ ယခင်ဖွဲ့စည်းထားသော Audiencia အား ဖျက်သိမ်းပြီး တရားလွှတ်တော်ချုပ်ကို အစားထိုးဖွဲ့စည်းခဲ့ပါသည်။ ဖိလစ်ပိုင်ကျွန်းစု၏ တရားလွှတ်တော်ချုပ်က ဆောင်ရွက်ခဲ့သော အင်္ဂလိပ်-အမေရိကန် တရားစီရင်ရေးစနစ်သည် ယခင်ကျင့်သုံးခဲ့သော စပိန်တရားစီရင်ရေးစနစ်ဟောင်းနှင့်လုံးဝကွဲပြားခဲ့သဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရပါသည်။ ထို့ကြောင့် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များသည် အင်္ဂလိပ်-အမေရိကန် နှင့် စပိန်စနစ် နှစ်ခုစလုံး၏ ရောနှောမှုကို ထင်ဟပ်စေသည်။

**ခေတ်သစ်ဟာယတရားလွှတ်တော်ချုပ်**

၇။ ၁၉၃၅ ခုနှစ်၊ ဖိလစ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် အာဏာခွဲဝေမှုမှုကို အတိအကျ ပုဒ်မဖြင့် ဖော်ပြထားခြင်းမရှိဘဲ အစိုးရ၏ အမှန်တကယ်အာဏာခွဲဝေမှုဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ပုဒ်မအမျိုးမျိုးတွင် လက်ခံကျင့်သုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် ၁၉၃၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားလွှတ်တော်ချုပ်နှင့် ဥပဒေအရ တည်ထောင်ထားသောလက်အောက်တရားရုံးများသို့ တရားစီရင်ရေးအာဏာကို အပ်နှင်းထားသည်။ အခြားမဏ္ဍိုင်နှစ်ခု၏ ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ကိစ္စရပ်မှာ တရားစီရင်ရေးမဏ္ဍိုင်က ဆောင်ရွက်ရန် ပါဝင်ခဲ့သည်။ ခေတ်သစ်ဟာယ တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်တစ်ဦးနှင့် တွဲဖက်တရားသူကြီး ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ၁၉၄၈ ခုနှစ်တွင် တရားစီရင်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး တရားလွှတ်တော်ချုပ်တွင် အယူခံမှု၊ အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် မှားယွင်းမှုပြင်ဆင်ရန် စာချွန်တော်အမိန့်တို့

အပေါ် ပြန်လည်သုံးသပ်ရန် သီးသန့်စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည့် အခွင့်အာဏာများကိုလည်း ထပ်မံ အပ်နှင်းခဲ့ပါသည်။

## ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သောတရားလွှတ်တော်ချုပ်

၈။ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေကို တရားသူကြီး ၁၁ ဦးမှ ၁၅ ဦးအထိ (တရားသူကြီးချုပ် တစ်ဦးနှင့် တွဲဖက်တရားသူကြီး ၁၄ ဦး)တို့ဖြင့် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ တရားရုံး၏ တရားသူကြီးများကို အခြားအဖွဲ့အစည်းများ သို့မဟုတ် အရာရှိများ၏ သဘောတူညီချက် မပါဘဲ သမ္မတကသာ တိုက်ရိုက်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

## ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သောလက်ရှိတရားလွှတ်တော်ချုပ်

၉။ ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ် တစ်ခုနှင့် ဥပဒေအရ တည်ထောင်ထားသော အောက်တရားရုံးများတွင် တရားစီရင်ရေးအာဏာကို အပ်နှင်းရမည်” ဟု ပြဋ္ဌာန်းထားသည်။ တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ် ၁ ဦးနှင့် တရားစီရင်ရေးနှင့် ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းသူ ၃ ဦး အပါအဝင် တရားသူကြီး ၁၄ ဦးကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များက တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်များကို အကာအကွယ်ပေးထားသည်။

၁၀။ တရားလွှတ်တော်ချုပ်သည် တရားရုံးအားလုံးအပေါ် စီမံခန့်ခွဲရေးဆိုင်ရာ ကြီးကြပ်ပိုင်ခွင့်ရှိသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၈၊ အပိုဒ် ၅ အရ စာချွန်တော်အမိန့်နှင့်စပ်ဆိုင်သည့် လျှောက်ထားလွှာများ (အမူခေါ်စာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့် နှင့် ရှေ့တော်သွင်းစာချွန်တော်အမိန့်တို့အပေါ် မူလတရားစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးသည်။။) သံအမတ်များနှင့် အခြားအစိုးရဝန်ကြီးများ ပါဝင်သည့်ကိစ္စရပ်များ စသည့် အမှုကိစ္စရပ်များတွင် မူလစီရင်ပိုင်ခွင့်အာဏာရှိသည်။ ထို့ပြင် တရားလွှတ်တော်ချုပ်သည် သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်းခံရသည့် ပြစ်မှုဆိုင်ရာ အမှုများ၊ နိုင်ငံတော်သမ္မတ၏အမိန့်များ၊ တရားဝင်ကြေညာချက်များ၊ ညွှန်ကြားချက်များ၊ တစ်ချက်လွှတ်အမိန့်များ၊ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ စာချုပ်များသည် တရားဝင်မှု ရှိ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ရန် အခွင့်အာဏာကိုလည်း အပ်နှင်းထားသည်။

**အပိုင်း (၂)	ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်က ထုတ်ပြန်သည့် ညမထွက်ရအမိန့် (Curfew Ordinance) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဖိလစ်ပိုင်တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်လျှောက်ထားခြင်းကိစ္စ**

၁၁။	ဖိလစ်ပိုင်နိုင်ငံ၊ တရားလွှတ်တော်ချုပ်သို့ လျှောက်ထားသူများဖြစ်ကြသော Samahan Ng Mag ProGresibong Kabatan (SPARK) ပါ ၆ ဦးတို့သည် Quezon မြို့၊ Manila မြို့တော် နှင့် Navotas မြို့များတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များက ထုတ်ပြန်သည့် ညမထွက်ရအမိန့် (Curfew Ordinance) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ နှင့် လျှောက်ထားခံရသူ တရားပြိုင် များဖြစ်သော မြို့တော်ဝန် Herbert Bautista ပါ ၃ ဦးအား ညမထွက်ရအမိန့်များ နှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက်များအပေါ် ယာယီတားမြစ်အမိန့်ထုတ်ဆင့်ပေးပါရန် စာချွန်တော် အမိန့်များလျှောက်ထားလာသည့် အထွေထွေအမှုအမှတ် ၂၂၅၄၄၂ အပေါ် ဖိလစ်ပိုင်နိုင်ငံ၊ တရားလွှတ်တော်ချုပ်က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက် နေ့တွင် စုံညီတရားရုံးဖြင့်ဆုံးဖြတ်ခဲ့သည့် အမှု ဖြစ်ပါသည်။

**လျှောက်ထားသူများ**

၁၂။	လူငယ်နှင့် အရွယ်မရောက်သေးသူများ၏ အခွင့်အရေးနှင့် ကောင်းကျိုးအတွက် ကာကွယ် စောင့်ရှောက်မှုကို အထူးအလေးထားဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Samahan Ng Mag ProGresibong Kabatan (SPARK) က ဦးဆောင်၍ စာချွန်တော်အမိန့်များကို လျှောက်ထားခဲ့ ခြင်း ဖြစ်ပါသည်။ စာချွန်တော်အမိန့်လျှောက်ထားသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	Samahan Ng Mag Progresibong Kabatan (Spark)

(၂)	Oanne Rose Sace Lim,

(၃)	John Arvin Navarro Buenaagua,

(၄)	Ronel Baccutan,

(၅)	Mark Leo Delos Reyes, နှင့်

(၆)	Clarissa Joyce Villegas, (အရွယ်မရောက်သေးသူ)အတွက် ၎င်း၏ကိုယ်စားလှယ် ဖခင်ဖြစ်သူ Julian Villegas, Jr. တို့ဖြစ်ကြပါသည်။

**တရားပြိုင်များ**

၁၃။	စာချွန်တော်အမိန့် လျှောက်ထားခံရသူ တရားပြိုင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	Quezon မြို့တော်အတွက် ၎င်း၏ကိုယ်စားလှယ် မြို့တော်ဝန် Herbert Bautista,

(၂)	Manila မြို့တော်အတွက် ၎င်း၏ကိုယ်စားလှယ် မြို့တော်ဝန် Joseph Estrada, နှင့်

(၃) Navotas မြို့တော်အတွက် ၎င်း၏ကိုယ်စားလှယ် မြို့တော်ဝန် John Rey Tiangco, တို့ဖြစ်ကြပါသည်။

**လျှောက်ထားသည့် စာချွန်တော်အမိန့်အမျိုးအစား**

၁၄။ လျှောက်ထားခဲ့သည့် စာချွန်တော်အမျိုးအစားမှာ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့ဖြစ်ပါသည်။

**အမှုဖြစ်အကြောင်းအရာ**

၁၅။ ဖိလစ်ပိုင်နိုင်ငံ သမ္မတ Rodrigo Roa Duterte ၏ ဦးဆောင်မှုအရ နိုင်ငံတစ်ဝန်းလုံးတွင် အရွယ်မရောက်သေးသူများကို ရာဇဝတ်မှုများမှ ကာကွယ်ရန်အတွက် ဒေသဆိုင်ရာအစိုးရများသည် အရွယ်မရောက်သေးသူများနှင့်သက်ဆိုင်သည့် ညမထွက်ရအမိန့်ကို ထုတ်ပြန်၍ ရဲလုပ်ငန်းစဉ်များဖြင့် တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ယင်းကို Oplan Rody ဟု လူသိများခဲ့ကြသည်။

၁၆။ ညမထွက်ရအမိန့်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် ဒေသဆိုင်ရာအစိုးရများအနက် စာချွန်တော်အမိန့်လျှောက်ထားခြင်းခံရသည့်တရားပြိုင်များလည်းပါဝင်ခဲ့ကြသည်။ Novotas မြို့ တွင် ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ ရက်စွဲပါ " အသက် ၁၈ နှစ်အောက် အရွယ်မရောက်သေးသူများညမထွက်ရအမိန့် (Novotas Ordinace)" ကိုလည်းကောင်း၊ မြို့တော် Manila တွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ ရက်စွဲပါ "အသက် ၁၈ နှစ်အောက် ကလေးနှင့် လူငယ်များ ညမထွက်ရအမိန့်(Manila Ordinance)" ကိုလည်းကောင်း၊ Quezon မြို့တွင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ ရက်စွဲပါ "အရွယ်မရောက်သေးသူများ ညမထွက်ရအမိန့် (Quezon Ordinance)" ကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

၁၇။ အဆိုပါညမထွက်ရအမိန့်များသည် အရွယ်မရောက်သေးသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးဖြစ်သော လွတ်လပ်စွာသွားလာခွင့်နှင့် မိဘများ၏အခွင့်အရေးဖြစ်သော ကလေးသူငယ်များကို ပြုစုပျိုးထောင်ခွင့်တို့ကို ချိုးဖောက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ ဟု လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။

**လျှောက်ထားသူများ၏ ကျိုးကြောင်းဖော်ပြမှု**

၁၈။ လျှောက်ထားသူများက ညမထွက်ရအမိန့်များသည် -

(က) တစ်ဖက်သတ်ဆန်ပြီး အကောင်အထည်ဖော်မှုသည် ခွဲခြားဆက်ဆံမှုရှိသည့်အပြင် ဥပဒေကို အကောင်အထည်ဖော်သူများသည် ညမထွက်ရအမိန့် ချိုးဖောက်သည်ဟု စွပ်စွဲခံရသူ၏ အသက်ကို မှန်မှန်ကန်ကန် စစ်ဆေးတွက်ချက်ခြင်းနှင့် မည်သို့ဖမ်းဆီး

ရမည်စသည့် ပြဋ္ဌာန်းချက်များ သို့မဟုတ် အသေးစိတ်စံသတ်မှတ်ချက်များသည် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိဘဲ ဖမ်းဆီးရာတွင် စွပ်စွဲခံရသူ၏ရုပ်ပိုင်းဆိုင်ရာသွင်ပြင် လက္ခဏာအပေါ် ရဲအရာရှိများ၏အမြင်ဖြင့် အကဲဖြတ်မှုအပေါ်မူတည်၍ ဖမ်းဆီးခြင်း သာဖြစ်သည်။

(ခ) ညမထွက်ရအမိန့်တွင်ပါဝင်သည့် ကင်းလွတ်ခွင့်ရရှိသည့်ကိစ္စရပ်များစာရင်းသည် တရားဝင်ဆောင်ရွက်ချက်၏ အတိုင်းအတာနှင့် ကျယ်ပြန့်မှုကို လွှမ်းခြုံမှု မရှိသဖြင့် ညမထွက်ရအမိန့်တွင်သတ်မှတ်ထားသည့်အချိန်အတွင်း အရွယ်မရောက်သေးသူများ ၏ တရားဝင်ဆောင်ရွက်မှုများကို ဟန့်တားမှု သို့မဟုတ် ပိတ်ပင်ခြင်းသာဖြစ်သည်။

(ဂ) ညမထွက်ရအမိန့်များသည် ထိရောက်သောလုပ်ငန်းစဉ်မရှိဘဲ အရွယ်မရောက်သေးသူ များ၏ လွတ်လပ်ခွင့်နှင့် ခရီးသွားလာခွင့်ကို ပိတ်ပင်တားမြစ်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုမရှိပေ။ ညမထွက်ရအမိန့်၏သတ်မှတ်ကာလအတွင်း လမ်းများ ပေါ်တွင် အရွယ်မရောက်သေးသူများကို တားမြစ်ခြင်းသည် ကလေးသူငယ်များ၏ လူမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကျိုးကို ကာကွယ်ပေးခြင်းမဟုတ်ပေ။

(ဃ) Manila မြို့၏ညမထွက်ရအမိန့် ပုဒ်မ ၄ သည် ဥပဒေအမှတ် ၉၃၄၄ ဖြစ်သော Juvenile Justice and Welfare Act ၏ ပုဒ်မ ၅၇ - က ကို ဆန့်ကျင်လျက်ရှိသည်။ Manila မြို့၏ညမထွက်ရအမိန့် တွင် ညမထွက်ရအမိန့်ကို ချိုးဖောက်သည့် အရွယ်မ ရောက်သေးသူများအပေါ် ထောင်ဒဏ်ချမှတ်သည့်ပြစ်ဒဏ် (imprisonment)၊ အပြစ် ဖော်ဆိုးမသည့် ပြစ်ဒဏ် (reprimand) နှင့် သတိပေးသည့်ပြစ်ဒဏ် (admonition) တို့ကို ထည့်သွင်းဖော်ပြထားခြင်းသည် ဥပဒေအမှတ် ၉၃၄၄ ဖြစ်သော Juvenile Justice and Welfare Act ကို ချိုးဖောက်သဖြင့် Manila မြို့၏ ညမထွက်ရအမိန့်တွင် ပြစ်ဒဏ်များကို ထည့်သွင်းမ ပြဋ္ဌာန်းသင့်ပေ။

(င) ကလေးသူငယ်များပြုစုပျိုးထောင်ခြင်းသည် မိဘများ၏ မူလအခွင့်အရေးဖြစ်ပြီး ယင်းအခွင့်အရေးကို ဆန့်ကျင်သည့် ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရန် နိုင်ငံတော်တွင် ခိုင်လုံသောအကျိုးစီးပွားမရှိပေ။ နိုင်ငံ့အကျိုးစီးပွားရှိလျှင်ပင် ကန့်သတ်မှုများအစား များပြားသည့် လမ်းမီးထွန်းသည့်အစီအစဉ်များ၊ အများပြည်သူလမ်းများတွင် CCTV များ တပ်ဆင်ခြင်းနှင့် ကလေးသူငယ်များကို ကာကွယ်ရန်နှင့် ညဘက်တွင် မှုခင်းများ ကိုကာကွယ်ရန် အခြားသောနည်းလမ်းများအဖြစ် ဥပဒေစိုးမိုးရေးကိုဆောင်ရွက်ကြ သူများမှ ပုံမှန်ကင်းလှည့်မှုများကို ဆောင်ရွက်သင့်သည်ဟု အကြံပြုထားကြသည်။

ညမထွက်ရအမိန့်ကို အရွယ်မရောက်သေးသူများ၏ချိုးဖောက်မှုကြောင့် မိဘကိုပါ ပြစ်ဒဏ်ပေးခြင်းသည်လည်း ပြင်းထန်သော ပြစ်ဒဏ်ဖြစ်သည်ဟုတင်ပြခဲ့ပါသည်။

**တရားရုံးမှ စိစစ်ရန်အကြောင်းခြင်းရာ**

၁၉။ တရားရုံးတော်က အဓိကဆုံးဖြတ်ရမည့်အချက်မှာ ညမထွက်ရအမိန့်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်သည်။

**တရားရုံး၏ စိစစ်သုံးသပ်မှု**

**(၁) လုပ်ထုံးလုပ်နည်းအငြင်းပွားမှုအပေါ်စိစစ်သုံးသပ်မှု**

၂၀။ တရားရုံးက တင်ပြလာသည့်အမှုကိစ္စနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းအငြင်းပွားမှု (၃) ရပ် အပေါ် ကနဦးစိစစ်ခဲ့ပါသည်။ ယင်းအချက်(၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ညမထွက်ရအမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိနှင့်စပ်လျဉ်း အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော် အမိန့်များ တင်သွင်းခြင်းသည် တရားရုံး နည်းဥပဒေ ၆၅ အရ မှန်ကန်မှုရှိ မရှိ၊

(ခ) လျှောက်ထားသူများသည် တရားလွှတ်တော်ချုပ်သို့ တိုက်ရိုက်တင်သွင်းခြင်းသည် တရားရုံးအဆင့်ဆင့် ဖွဲ့စည်းမှု မူသဘောတရားကို ဆန့်ကျင်ခြင်းရှိ မရှိ၊

(ဂ) တရားစီရင်ရေးပြန်လည်သုံးသပ်ရန် ခိုင်လုံသောအကြောင်း ရှိ မရှိ ။

၂၁။ **ညမထွက်မရအမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ တင်သွင်းခြင်းသည် တရားရုံး နည်းဥပဒေ ၆၅ အရ မှန်ကန်မှု ရှိ မရှိ ကိစ္စနှင့်စပ်လျဉ်း၍** တရားလွှတ်တော်ချုပ်က သုံးသပ်သည်မှာ ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၊ ပုဒ်မ ၁ တွင် တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ် တစ်ခုနှင့် ဥပဒေအရ တည်ထောင်ထားသော အောက်တရားရုံးများတွင် အပ်နှင်းထားသည်။ ယင်း အာဏာတွင် တရားစီရင်ရေးဆိုင်ရာတရားရုံးများ၏ တာဝန်သည် ဥပဒေအရတောင်းဆိုနိုင်သော အခွင့်အရေးနှင့် အကောင်အထည်ဖော်နိုင်သော အခွင့်အရေးများ ပါဝင်သည့် အမှန်တကယ် အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် အစိုးရ၏ ဌာနတစ်ခုခုတွင် စီရင်ပိုင်ခွင့်များကို လွန်ကဲစွာ သို့မဟုတ် လျော့နည်းစွာ အသုံးပြုခြင်း ရှိ မရှိ ဆုံးဖြတ်ရန်တို့ဖြစ်ကြသည်။

၂၂။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေနှင့်အညီ တောင်းခံနိုင်သည့်၊ အကောင်အထည် ဖော်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများနှင့် စပ်လျဉ်းသော အငြင်းပွားမှုများကို ဖြေရှင်းနိုင်သည့် တရားစီရင်ရေးအာဏာမူသဘောတရား၏ ကျယ်ပြန့်စွာတည်ရှိမှုကို စီရင်ထုံးများဖြင့် ဆုံးဖြတ်ထား ပါသည်။

၂၃။ Quezon မြို့၊ Manila မြို့နှင့် Navotas မြို့များ၏ ဒေသဆိုင်ရာအစိုးရများက ၎င်းတို့အား လွှဲအပ်ထားသည့် ဥပဒေပြုခွင့်အာဏာကို ကျင့်သုံး၍ ထုတ်ပြန်ခဲ့သည့် ညမထွက်ရအမိန့်တွင် ပါဝင်သော အရွယ်မရောက်သေးသူများ၏ ခရီးသွားလာခွင့်နှင့် မိဘများ၏ကလေးပြုစုပျိုးထောင်ခွင့်များနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်မှု ရှိသည်ဟု လျှောက်ထားသူများကတင်ပြခဲ့သည်။ ပြုမူမှုတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများကို ဆန့်ကျင်ခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာဘက်လိုက်မှု သို့မဟုတ် မကောင်းသောစိတ်ဆန္ဒ၊ မနာလိုဝန်တိုမှုတို့ဖြင့် ဆောင်ရွက်ခြင်းတို့သည် ဆင်ခြင်တုံတရားကို အလွဲအသုံးပြုခြင်းဖြစ်သည်။ ဆင်ခြင်တုံတရားအလွဲအသုံးပြုခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။ ယခုအမှုတွင် အစိုးရ၏ဆောင်ရွက်ချက်များသည် တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးသဘောဆန်သည့် လုပ်ငန်းဆောင်ရွက်ချက်များ မဟုတ်သော်လည်း လျှောက်ထားသူများအနေဖြင့် အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်ဖြင့် ကုစားခွင့်ကို တောင်းခံပိုင်ခွင့် ရှိသည်ဟု သုံးသပ်ခဲ့သည်။

၂၄။ **လျှောက်ထားသူများသည် တရားလွှတ်တော်ချုပ်သို့ တိုက်ရိုက်တင်သွင်းခြင်းသည် တရားရုံးအဆင့်ဆင့်ဖွဲ့စည်းမှု မူသဘောတရားကို ဆန့်ကျင်ခြင်း ရှိ မရှိ** ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်က သုံးသပ်သည်မှာ တရားလွှတ်တော်ချုပ်တွင် အမှုခေါ်စာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်များနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုများအပေါ်တွင် မူလစီရင်ပိုင်ခွင့်ရှိသည်။ တရားလွှတ်တော်ချုပ်တွင် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကိုယ်ကျင့်တရားကို ချက်ချင်းအကျိုးသက်ရောက်စေနိုင်သည့် ဥပဒေတစ်ရပ် သို့မဟုတ် စည်းမျဉ်းတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ အား ဆုံးဖြတ်ပေးရန်တာဝန်ရှိသည် ဟု သုံးသပ်ခဲ့သည်။

၂၅။ **တရားစီရင်ရေးပြန်လည်သုံးသပ်ရန် ခိုင်လုံသောအကြောင်း ရှိ မရှိ ကိစ္စရပ်နှင့်စပ်လျဉ်း၍** တရားလွှတ်တော်ချုပ်က သုံးသပ်သည်မှာ ဥပဒေတစ်ရပ် သို့မဟုတ် အစိုးရ၏ ဆောင်ရွက်ချက်တစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ သို့မဟုတ် တရားဝင်ဖြစ်မှု ရှိ မရှိ နှင့်စပ်လျဉ်း၍ ဥပဒေရေးရာလိုအပ်ချက်များနှင့် ပြည့်စုံမှုမရှိပါက ကြားနာဆုံးဖြတ်မည် မဟုတ်ပေ။ ထိုသို့ တရားစီရင်ရေးပြန်လည်သုံးသပ်ရန် ခိုင်လုံသောအကြောင်းရှိ မရှိ ကို သုံးသပ်ရန်အတွက် အမှုတွင် အမှန်တကယ် အငြင်းပွားမှု ပြဿနာပေါ်ပေါက်မှု ရှိမရှိနှင့် တောင်းဆိုသည့်ကိစ္စအပေါ် တရားရုံးရှေ့မှောက်တွင် ရပ်တည်တောင်းဆိုပိုင်ခွင့်ရှိမရှိ တို့ကို စိစစ်ရမည်ဖြစ်သည်။

၂၆။ အမှန်တကယ်အငြင်းပွားမှုပြဿနာပေါ်ပေါက်မှု ရှိ မရှိ ကိစ္စနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေကို အခြေခံ၍ အကောင်အထည်ဖော်နိုင်သည့် ဥပဒေရေးရာအခွင့်အရေးကို ဆန့်ကျင်မှုရှိရမည်ဖြစ်သည်။

အစိုးရ၏ ဆောင်ရွက်ချက်တွင် ဆင်ခြင်တုံတရားကို အလွဲအသုံးပြုထားမှုရှိကြောင်းကို ခိုင်လုံသော အထောက်အထားရှိရန်လိုအပ်ပေသည်။

၂၇။ လျှောက်ထားသူများတောင်းဆိုသည့်အချက်များဖြစ်သော ညမထွက်ရအမိန့်များသည် အရွယ်မရောက်သေးသူများနှင့် မိဘများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ထိခိုက်စေခြင်း ရှိ မရှိ နှင့် Manila မြို့၏ ညမထွက်ရအမိန့်သည် Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ကို ဆန့်ကျင်ခြင်းရှိ မရှိ မှာ အမှန်တကယ်အငြင်းပွားနေသည့် အချက်ပင်ဖြစ်သည်။ တရားရုံးက ယာယီတားမြစ်အမိန့် ထုတ်ပြန်ခြင်းမပြုမီအထိ ညမထွက်ရအမိန့်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပေးရမည့်အချက်မှာ အမှန်တကယ် ထင်ထင်ရှားရှားရှိသည် ဟု သုံးသပ်ခဲ့ပါသည်။

၂၈။ တောင်းဆိုသည့်ကိစ္စအပေါ် တရားရုံးရှေ့မှောက်တွင် ရပ်တည်တောင်းဆိုပိုင်ခွင့်ရှိမရှိ ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်က သုံးသပ်သည်မှာ တစ်ဦးချင်းလျှောက်ထားသူ (၅) ဦးအနက် Clarissa Joyce Villegas သည် တင်သွင်းလွှာတင်သွင်းသည့်အချိန်တွင် အရွယ်မရောက်သေးသူတစ်ဦးဖြစ်ပြီး ညမထွက်ရအမိန့်များနှင့် အကျုံးဝင်သူဖြစ်သည်။ ၎င်းသည် ညမထွက်ရအမိန့်များကြောင့် ကျောင်းဆင်းချိန် ညပိုင်းတွင် Manila မြို့မှ Quezon မြို့သို့ ခရီးသွားလာရာတွင် အန္တရာယ်နှင့်ကြုံတွေ့အံ့ဆဲဆဲ ဖြစ်ခဲ့သောကြောင့် အရွယ်မရောက်သေးသူများ၏ ခရီးသွားလာခွင့်ကို ထိခိုက်စေသည့် အကြောင်းအရာအတွက် ဥပဒေအရ ရပ်တည်တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၉။ ကျန်လျှောက်ထားသူ ၄ ဦးဖြစ်သော Oanne Rose Sace Lim, John Arvin Navarro Buenaagua, Ronel Baccutan နှင့် Mark Leo Delos Reyes တို့သည် အရွယ်ရောက်ပြီးသူများဖြစ်ကြပြီး ညမထွက်ရအမိန့်များနှင့် တိုက်ရိုက်အကျိုးသက်ဆိုင်သူများ မဟုတ်ကြသည်ကို လျှောက်ထားလွှာတွင် ဝန်ခံဖော်ပြထားသည့်အတွက် ထိခိုက်နစ်နာမှုခံရသူများမဟုတ်သောကြောင့် ဥပဒေအရရပ်တည်တောင်းဆိုပိုင်ခွင့် မရှိကြပေ။

၃၀။ ထို့အတူ ၎င်းတို့ကညမထွက်ရအမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးတစ်ရပ်ဖြစ်သော မိဘများ၏ ကလေးပြုစုပျိုးထောင်ခွင့်ကို ချိုးဖောက်သည်ဟုလည်း အခိုင်အမာမပြဆိုနိုင်ပေ။ သို့သော် Clarissa Joyce Villegas ကိုယ်စားဆောင်ရွက်သူဖြစ်သည့် ယင်း၏ဖခင်ဖြစ်သူ Julian Villegas, Jr. သည်သာ မိဘများ၏အခွင့်အရေးကို ချိုးဖောက်ခံရပါသည်ဟုတင်ပြနိုင်သော်လည်း ၎င်းအနေဖြင့် အရွယ်မရောက်သေးသူ Clarissa Joyce Villegas အတွက်သာ ရပ်တည်တောင်းဆိုခဲ့ပါသည်။

၃၁။ ထို့အတူ အမှုကို ဦးဆောင် တရားစွဲဆိုသူဖြစ်သည့် Samahan Ng Mag ProGresibong Kabatan (SPARK) မှာ တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမဟုတ်သဖြင့် တရားရုံးရှေ့မှောက်တွင် တရားစွဲဆိုရန် အခွင့်အရေးမရှိပေ။

၃၂။ ထို့ကြောင့် Clarissa မှလွဲ၍ လျှောက်ထားသူများသည် အငြင်းပွားမှုတွင် လိုအပ်သောပုဂ္ဂိုလ်ရေးဆိုင်ရာအကျိုးစီးပွားများမရှိကြပေ။ သို့သော် တရားလွှတ်တော်ချုပ်က အမှုတွင်ပါဝင်သောအကြောင်းချင်းရာများကို ထောက်ရှု၍ လျှောက်ထားသူအားလုံး၏ တောင်းဆိုရပ်တည်ပိုင်ခွင့်မှု (Legal Standing) လိုအပ်ချက်ကို ဖြေလျှော့ရန် သင့်လျော်သည်ဟု ယူဆခဲ့ပါသည်။

၃၃။ ညမထွက်ရအမိန့်များ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ သည် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုနှင့်အကျုံးဝင်သည်။ မိဘများ၏ သားသမီးများကိုပြုစုပျိုးထောင်ခွင့်နှင့် အရွယ်မ ရောက်သေးသူများခရီးသွားလာခွင့်များသည် အများပြည်သူအတွက် အလွန်အရေးပါသောကိစ္စဖြစ် သောကြောင့် ဥပဒေရေးရာရပ်တည်တောင်းဆိုခွင့် အပါအဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းများ ကို ဖြေလျှော့ရန် လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

**(၂) လျှောက်ထားသူများ၏ တောင်းဆိုချက်အပေါ်တွင် စိစစ်သုံးသပ်မှု**

၃၄။ ဆက်လက်၍ တရားလွှတ်တော်ချုပ်က လျှောက်ထားသူများတောင်းဆိုထားသည့် အချက်များ အပေါ် သုံးသပ်၍ ဆုံးဖြတ်ခဲ့ပါသည်။

**(၂-၁) အဓိပ္ပာယ်ရှင်းလင်းပြတ်သားမှုမရှိခြင်းကြောင့် ပျက်ပြယ်ခြင်း (Void for Vagueness)**

၃၅။ လျှောက်ထားသူများက ညမထွက်ရအမိန့်တွင် ပါရှိသောပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်များသည် ရှင်းလင်းပြတ်သားမှုမရှိ၊ လုံလောက်သော သတ်မှတ်ချက်ဘောင်များပါဝင်မှု မရှိ ဟု လျှောက်ထားခဲ့ကြသည်။ ညမထွက်ရအမိန့်ကို ချိုးဖောက်ကျူးလွန်သူဟု သံသယရှိသူများကို အာဏာပိုင်များက ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်ပေါ် မူတည်၍ ဖမ်းဆီးကြသည်ဖြစ်ရာ ယင်းအပြုအမူသည် တဖက်သတ်ဆန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု လျှောက်ထားကြသည်။ ထို့ပြင် Quezon မြို့၏ ညမထွက်ရအမိန့်တွင် အရွယ်မရောက်သေးသူများ၏အသက်ကို ဆုံးဖြတ်ရန် လိုအပ်ကြောင်း ဝန်ခံဖော်ပြထားသော်လည်း အဆိုပါအမိန့်တွင် အရွယ်မရောက်သေးသူများ၏ အသက်ကို စိစစ်ရာတွင် သက်သေပြရန် သို့မဟုတ် သက်သေခံကတ်ပြားကို ဥပဒေအရာရှိများက တောင်းဆိုရန် လိုအပ်ကြောင်း ဖော်ပြထားခြင်းမရှိဟု တင်ပြခဲ့သည်။

၃၆။ သို့ရာတွင် လျှောက်ထားသူများ၏ ကိုးကားသည့် Void of Vagueness doctrine သည် ညမထွက်ရအမိန့်တွင် အများပြည်သူအား တားမြစ်ထားသည့် သို့မဟုတ် လိုက်နာရန်လိုအပ်သည့်

အချက်များအား တရားဝင်သတိပေးခြင်းကို ပျက်ကွက်သည်ဟု ဖော်ပြခြင်းမဟုတ်သောကြောင့် မှန်ကန်မှု မရှိပေ။

၃၇။ လျှောက်ထားသူများက ညမထွက်ရအမိန့်ပါ ပြဋ္ဌာန်းချက်များတွင် မရေရာသော စံနှုန်းများကို ထောက်ပြရန် ပျက်ကွက်သော်လည်း ညမထွက်ရအမိန့်တွင် သံသယရှိသူ အရွယ်မရောက်သေးသူ၏ အသက်ကို မည်သို့သတ်မှတ်မည်ကို အသေးစိတ် မဖော်ပြထားသောကြောင့် တရားရုံးက အရွယ် မရောက်သေးသူ၏ အသက်ကို ဖော်ပြသုံးသပ်ခဲ့ပါသည်။

၃၈။ Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၇၇) ၏ ပုဒ်မ ၇ တွင် "ကလေး၏ အသက်ကို ကလေး၏ မွေးစာရင်း၊ baptismal Certificate သို့မဟုတ် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများဖြင့် ဆုံးဖြတ်နိုင်သည်။ အဆိုပါစာရွက်စာတမ်းများမရှိပါက အသက်အရွယ်ကို ကလေး (သူ/သူမ ကိုယ်တိုင်)၏ အချက်အလက်များ၊ အခြားသူများ၏ သက်သေခံချက်၊ ကလေး၏ ရုပ်သွင်ပြင်နှင့် အခြားသက်ဆိုင်ရာ အထောက်အထားများအပေါ် အခြေခံနိုင်သည်။" ဟု ပြဋ္ဌာန်းထား သည်။

၃၉။ ထို့ကြောင့် Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၇၇) ၏ ပုဒ်မ ၇ နှင့် ညမထွက်ရအမိန့်များကို တွဲဖက်၍ လေ့လာရမည်ဖြစ်ပါသည်။ အမိန့်များကို တရားဝင် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဥပဒေများကိုပါ လေ့လာဆောင်ရွက်ရမည် ဖြစ်ပါ သည်။

၄၀။ ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူဟု ယူဆခံရသည့် မည်သူမဆို အသိအမှတ်ပြု သက်သေခံအထောက်အထားတစ်ခုခုကို တင်ပြပါက ထိုသူသည် ညမထွက်ရအမိန့်ကို ကျူးလွန်သူ ဟုတ် မဟုတ် ကို သက်သေပြနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ အထောက်အထားမရှိပါက၊ သံသယရှိသူကို အမြင်အာရုံဖြင့်သာ အကဲဖြတ်၍ အာဏာပိုင်များက ဥပဒေ၊ ကျင့်ဝတ်တို့နှင့်အညီ တရားမျှတစွာ ဆောင်ရွက်သင့်သည်။ အဆိုပါစည်းမျဉ်းများကို လျစ်လျူရှုဆောင်ရွက်ပါက ပေးအပ်ထားသည့် အာဏာကို မှားယွင်းစွာကျင့်သုံးခြင်းဖြစ်သည့်အတွက် ထိုက်သင့်သည့်အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်ဖြစ်သည်။ **Void for Vagueness** နှင့်အကျုံးဝင်ခြင်း မရှိ ဟု သုံးသပ်ပါသည်။

### (၂-၂) ကလေးသူငယ်များပြုစုပျိုးထောင်ရန်မှာ မိဘများ၏ အခွင့်အရေးဖြစ်ခြင်း

၄၁။ လျှောက်ထားသူများက ကလေးများပြုစုပျိုးထောင်ခြင်းသည် မိဘများ၏ မူလအခွင့်အရေး ဖြစ်ပြီး ယင်းအခွင့်အရေးကို ညမထွက်ရအမိန့်များက ပိတ်ပင် ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်မှု မရှိ၊ ကလေးများ ပြုစုပျိုးထောင်ခွင့်တွင် အရွယ်မရောက်သေးသူများအား နေအိမ်သို့

ပြန်ရန် အချိန်သတ်မှတ်ခြင်း သို့မဟုတ် နေအိမ်ပြင်ပတွင် နေခွင့်ပြုခြင်း စသည့် ဆုံးဖြတ်ပိုင်ခွင့်လည်း ပါဝင်သည်ဟု လျှောက်ထားကြသည်။

၄၂။ တရားလွှတ်တော်ချုပ်က သုံးသပ်ရာတွင် ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ ပုဒ်မ ၁၂ တွင်ကလေးများပြုစုပျိုးထောင်ခွင့်ဖြစ်သော မိဘများ၏အခွင့်အရေးနှင့်သက်ဆိုင်သည့်နိုင်ငံတော်၏ မူဝါဒကို ပြဋ္ဌာန်းထားပါသည်-

> ပုဒ်မ ၁၂။ နိုင်ငံတော်သည် မိသားစုဘဝ၏ မွန်မြတ်သန့်စင်မှုကို အသိအမှတ်ပြုပြီး အခြေခံကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမှုရေးအဖွဲ့အစည်းအဖြစ် မိသားစုကို ကာကွယ်ခိုင်မြဲစေရမည်။ လူ့ကျင့်ဝတ်ဆိုင်ရာ စွမ်းဆောင်ရည်နှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်များကို ပြုစုပျိုးထောင်ရာတွင် မိဘများ၏ မူလအခွင့်အရေးနှင့် တာဝန်ဖြစ်ပြီး အစိုးရ၏ အထောက်အပံ့ရရှိစေမည်ဖြစ်သည်။

၄၃။ ကလေးများပြုစုပျိုးထောင်ရေး၊ ကလေးများ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့သည် မိဘများ၏ အခွင့်အရေးများသာမက မိဘတာဝန်များ ဖြစ်သည်မှာ ထင်ရှားသည်။ ဆိုလိုသည်မှာ မိဘများသည် သားသမီးများအပေါ် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံး နိုင်ခွင့်ရှိရုံသာမက ၎င်းတို့သည် ယင်းလုပ်ပိုင်ခွင့်အပေါ်တွင်လည်း တူညီစွာ တာဝန်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်မှာ "လူငယ်များသည် နောက်ဆုံးတွင် လွတ်လပ်၍ အမှီအခိုကင်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားများအဖြစ် ကြီးပြင်းလာစေရန် နိုင်ငံတော်က အာမခံခြင်း"ကို ရည်ညွှန်းနေပါသည်။ အဆိုပါတာဝန်ဝတ္တရားသည် ကလေးများအတွက် စာရိတ္တစံနှုန်းများ၊ ဘာသာရေး ယုံကြည်ချက်များနှင့် နိုင်ငံသားကောင်းများ ဖြစ်ရန်အချက်များ ပါဝင်စေသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

၄၄။ ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိဘများ၏ အခွင့်အရေးနှင့်တာဝန်ဖြစ်သော ကလေးများပြုစုပျိုးထောင်ခွင့်သည် သဘာဝအခွင့်အရေး (Natural Rights) သာမက မူလအခွင့်အရေး (Primary Rights) လည်းဖြစ်သည်။ မူလအခွင့်အရေးကို အနက်အဓိပ္ပါယ်ဖွင့်သည့်အခါ မိဘများသည် ကလေးများကိုပြုစုပျိုးထောင်ခြင်းတွင် နိုင်ငံတော်ထက် သာလွန်သည့် အခွင့်အရေး (Superior Rights) ရှိသည်။ နိုင်ငံတော်သည် မိဘများအား ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်များကို ကျင့်သုံးရာတွင် ထောက်ပံ့မှုများပြုလုပ်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏လုပ်ပိုင်ခွင့်သည် သီးသန့်အခွင့်အာဏာမဟုတ်ဘဲ မိဘအုပ်ထိန်းမှု ပြည့်စုံအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

၄၅။ ***Parens Patriae*** မူသဘောအရ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်တွင် မူလအခွင့်အရေး (inherent right) သာမက မိဘများကို အထောက်အကူပြုရန်

တာဝန်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်သည် မိဘများနှင့် အခြားသူများ (ဥပမာအားဖြင့် ကလေးများ၏ အကျိုးအတွက် အဓိကတာဝန်ရှိသော ဆရာ၊ ဆရာမများ)အတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်း၍ ပံ့ပိုး ကူညီပိုင်ခွင့်ရှိ သည်ဟု ကောင်းစွာကောက်ချက်ချနိုင်သည်။

၄၆။ ညမထွက်ရအမိန့်များသည် နိုင်ငံတော်၏ အကျိုးစီးပွားများဖြစ်သော အရွယ်မရောက်သေး သူများ ဘေးကင်းစေရေး နှင့် အရွယ်မရောက်သေးသူများကျူးလွန်သည့် မှုခင်းများအား တားဆီး ကာကွယ်ရေးတို့အတွက် မိဘများ၏ သားသမီးများကို ပြုစုပျိုးထောင်ခွင့်ကို ကန့်သတ်သည့် ပြဋ္ဌာန်းချက်များလည်း ပါဝင်သည်။ ညအချိန်သည် အရွယ်မရောက်သေးသူတို့အား ရာဇဝတ်မှုများ ဖြစ်ပွားစေတတ်သည့်အခြေအနေများ၊ ထိခိုက်မှုများ၊ အတွေ့အကြုံဗဟုသုတနုနယ်ခြင်းကြောင့် မှားယွင်းသောဆုံးဖြတ်ချက်များကို ချမှတ်တတ်သည့်အတွက် ၎င်းတို့၏ ကိုယ်ကျင့်တရားကောင်းမွန် မှုကို ထိပါးနှောင့်ယှက်မှုများဖြစ်ပေါ်စေနိုင်သည်။

၄၇။ အရွယ်မရောက်သေးသူများသည် မိဘအုပ်ထိန်းသူများနှင့်အတူမရှိသည့်အခါတွင် ညမထွက်ရ အမိန့်ကို လေးစားလိုက်နာရမည် ဖြစ်သည်။ မိဘအုပ်ထိန်းသူများအား ညမထွက်ရအမိန့်၏ သတ်မှတ် အချိန်အတွင်း သားသမီးများ၏ အပြုအမူကို ကြီးကြပ်ရန်အခွင့်အာဏာကို လွတ်လပ်စွာပေးအပ်ထား ခြင်းဖြစ်သည်။ ညမထွက်ရအမိန့်များသည် မိဘများ၏ အရွယ်မရောက်သေးသည့် သားသမီးများ အပေါ် စည်းကမ်းသတ်မှတ်ခြင်းအား ကန့်သတ်ခြင်းမဟုတ်သလို အရွယ်မရောက်သေးသူများ၏ လှုပ်ရှားမှုများကို ထိန်းချုပ်နိုင်သည့် မိဘအုပ်ထိန်းသူတို့၏ အခွင့်အာဏာကို စွန့်လွှတ်ပေးရန် အတင်းအကြပ်ခိုင်းစေခြင်းလည်း မဟုတ်ပေ။ ညမထွက်ရအမိန့်များသည် အရွယ်မရောက်သေးသူ ကလေးများအား နေအိမ်တွင် အချိန်ကို ပိုမိုအသုံးပြုရန်အတွက်သာဖြစ်သည်။ အဆိုပါအခြေအနေ သည် မိဘအုပ်ထိန်းသူများအား ၎င်းတို့၏ကလေးများကို ပြုစုပျိုးထောင်မှုတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်အတွက် ပိုမို ကောင်းမွန်သောအခွင့်အရေးများ ပေးခြင်းဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိ ဟု ကြေညာရန် မသင့်လျော်ဟု ဆုံးဖြတ်ခဲ့သည်။

**(၂-၃) အရွယ်မရောက်သေးသူများ၏ ခရီးသွားလာခွင့် အခွင့်အရေး**

၄၈။ လျှောက်ထားသူများက အရွယ်မရောက်သေးသူများ၏ လွတ်လပ်စွာခရီးသွားလာခွင့်သည့် အခြေခံအခွင့်အရေးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စိစစ်ရန်အတွက် တင်းကျပ် သော စိစစ်စစ်ဆေးမှု (The Strict Scrutiny Test)ကို ပြုလုပ်ရန်လိုအပ်ပါသည်ဟု လျှောက်ထားခဲ့ကြ ပါသည်။

၄၉။ တရားလွှတ်တော်ချုပ်က ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၊ ပုဒ်မ ၆ အရ ခရီးသွား လာခွင့်သည် အာမခံချက်ပေးထားသည့် အခြေခံအခွင့်အရေးတစ်ခုဖြစ်သည်ဟု ဖော်ပြထားသည်-

ပုဒ်မ ၆။ တရားရုံး၏ တရားဝင်အမိန့်မှတစ်ပါး ဥပဒေအရ သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်း လွတ်လပ်စွာနေထိုင်ခွင့်နှင့် ပြောင်းရွှေ့ခွင့်အခွင့်အရေးတို့ကို မထိခိုက်စေရ။ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူဘေးကင်းရေး သို့မဟုတ် ပြည်သူ့ကျန်းမာရေးအတွက် ဥပဒေအရ ပြဋ္ဌာန်းထားသည့်မှတစ်ပါး ခရီးသွားလာခွင့်ကို မထိခိုက်စေ ရ။

၅၀။ အဆိုပါအခွင့်အရေးသည် ဖိလစ်ပိုင်နိုင်ငံမှ အခြားနိုင်ငံများသို့ လွတ်လပ်စွာ ပြောင်းရွှေ့နေထိုင်ခွင့် သို့မဟုတ် ဖိလစ်ပိုင်နိုင်ငံအတွင်း လွတ်လပ်စွာ ပြောင်းရွှေ့ခွင့်ကို ရည်ညွှန်းသည်။ လူတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သော လွတ်လပ်ခွင့်တွင် နိုင်ငံသားများသည် ဥပဒေနှင့်အညီ ၎င်းတို့ဆန္ဒရှိသည့် နေရာတွင် နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့် အခွင့်အရေးတို့ ပါဝင်သည်။ ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့် စသည့် အခွင့်အရေးများကဲ့သို့ ခရီးသွားလာခွင့်သည် လူတစ်ဦးချင်းစီက မရှိမဖြစ် ရရှိနိုင်သည့်အခွင့်အရေး ဖြစ်သည်။

၅၁။ သို့သော် အများပြည်သူအကျိုးစီးပွားအတွက် အခြေခံအခွင့်အရေးများကို ဆန့်ကျင်သည့်တိုင် ကန့်သတ်ချုပ်ချယ်မှုများကို ပြုလုပ်နိုင်သည်။ အထူးသဖြင့် တစ်နေရာမှ တစ်နေရာသို့ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ခွင့်သည် အကြွင်းမဲ့အခွင့်အရေးမဟုတ်ပေ။ ၁၉၈၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် **နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူဘေးကင်းစေရေး သို့မဟုတ် ပြည်သူ့ကျန်းမာရေးစသည့် အကျိုးစီးပွား**နှင့်စပ်လျဉ်း၍ အခွင့်အရေးများကို **ဥပဒေပြဋ္ဌာန်း၍** ကန့်သတ်နိုင်သည်။

၅၂။ ညမထွက်ရအမိန့်များတွင်ဖော်ပြထားသည့်ရည်ရွယ်ချက်များမှာ အထူးသဖြင့် အရွယ်မရောက်သေးသူများဘေးကင်းရေးနှင့် အရွယ်မရောက်သေးသူများကျူးလွန်သည့် ရာဇဝတ်မှုကို တားဆီးကာကွယ်ရေး ဖြစ်သည့် အတွက် အများပြည်သူ ဘေးကင်းရေး၏ အကျိုးစီးပွားအတွက် ဖြစ်သည်မှာ မငြင်းနိုင်ပေ။ အရွယ်မရောက်သေးသူများ၏ သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ချက်များသည် ၎င်းတို့၏နေထိုင်ရာပတ်ဝန်းကျင်နေရာများတွင် ညမထွက်ရအမိန့်ဖြင့်သတ်မှတ်ထား အချိန်ကာလ .အတွင်း ရာဇဝတ်မှုများနှင့် ရာဇဝတ်မကင်းသော ပြုမူမှုများတွင် ပါဝင်ခြင်း သို့မဟုတ် သားကောင်ဖြစ်ခြင်း စသည်တို့၏ ဖြစ်နိုင်ခြေကို လျှော့ချရန်သာဖြစ်သည်။ "ကန့်သတ်ချက်များကို ဥပဒေဖြင့် ပြဋ္ဌာန်းရမည်"ဟုဆိုရာတွင် ကလေးများအား အထူးကာကွယ်စောင့်ရှောက်ပေးရန်အတွက်နိုင်ငံတော်၏ တာဝန်ကို ဥပဒေများဖြင့် ပြဋ္ဌာန်းထားပါသည်။

၅၃။ နိုင်ငံတော်သမ္မတအမိန့်အမှတ် ၆၀၃ ၏ အပိုဒ် ၁၃၉ တွင် ဒေသဆိုင်ရာအစိုးရအဖွဲ့များကို ၎င်းတို့၏ မြို့ သို့မဟုတ် မြူနီစီပယ်ကောင်စီများတွင် ကလေးများအတွက် ညမထွက်ရအချိန်အား သတ်မှတ်နိုင်ခွင့် အခွင့်အာဏာကို အပ်နှင်းထားသည်။

အပိုဒ် ၁၃၉။ ကလေးများအတွက်ညမထွက်ရအချိန်များ - မြို့ သို့မဟုတ် မြူနီစီပယ်ကောင်စီများသည် ကလေးများအတွက် ညမထွက်ရအချိန်နာရီများကို ဒေသအခြေအနေအရ အမိန့်ဖြင့် သတ်မှတ်ပေးနိုင်သည်။ ညမထွက်ရအမိန့်ကို အကောင်အထည်ဖော်ရန်တာဝန်သည် မိဘများ သို့မဟုတ် အုပ်ထိန်းသူများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များထံသို့ လွှဲအပ်သည်။

၅၄။ ထို့ကြောင့် မြို့တော်အုပ်ချုပ်ရေးအဖွဲ့များသည် ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရန် အခွင့်အာဏာ ရှိသည်။ တစ်နည်းဆိုရသော် နိုင်ငံတော်သမ္မတအမိန့်အမှတ် ၆၀၃ သည် အရွယ်မရောက်သေးသူများ ခရီးသွားလာခွင့်ကိုကန့်သတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်သည့် ခိုင်မာသောပြဋ္ဌာန်းချက်ကို အခြေခံထားခြင်းဖြစ်သည်။

၅၅။ အရွယ်မရောက်သေးသူများနှင့်သက်ဆိုင်သည့် ညမထွက်ရအမိန့်တွင် သတ်မှတ်ထားသည့် ကန့်သတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း ခွင့်ပြုနိုင်သည်။ ယင်းနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်သည် အရွယ်မရောက်သေးသူများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ပိုင်ဆိုင်ပြီး ခံစားခွင့်ရှိကြောင်း အသိအမှတ်ပြုထားသော်လည်း အဆိုပါ အခွင့်အရေးများကို အရွယ်ရောက်ပြီးသူများကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ခြင်းမရှိပေ။ နိုင်ငံတော်သည် အရွယ်မရောက်သေးသူများ၏ အခွင့်အရေးများဖြစ်သော မဲပေးပိုင်ခွင့်၊ စာချုပ်ချုပ်ဆိုပိုင်ခွင့်နှင့် ဝင်ငွေရရှိသော အလုပ်လုပ်ကိုင်ခွင့်ကဲ့သို့သော အခွင့်အရေးများကို ကန့်သတ်ထားသည်။ ခရီးသွားလာခွင့်နှင့် စပ်လျဉ်း၍ အရွယ်မရောက်သေးသူများသည် ၎င်းတို့ ကိုယ်တိုင် သို့မဟုတ် မိဘမဟုတ်သော အခြားသူတစ်ဦးနှင့် နိုင်ငံခြားတိုင်းပြည်သို့ သွားမည်ဆိုပါက ဥပဒေနှင့်အညီ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ အသိအမှတ်ပြုထောက်ခံချက်လက်မှတ်ရရှိရန် လိုအပ်သည်။ ယင်းကဲ့သို့ ကန့်သတ်ချက်များကို လေ့လာကြည့်ပါက အရွယ်ရောက်ပြီးသူများထက် အရွယ်မရောက်သေးသူများ၏ ဆောင်ရွက်မှု များအပေါ် နိုင်ငံတော်တွင် ပိုမိုကျယ်ပြန့်သော ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် နိုင်ငံတော်သည် အရွယ်မရောက်သေးသူများ၏ အခွင့်အရေးများ ကျင့်သုံးမှု အပေါ် ကန့်သတ်ချက်များကို ချမှတ်နိုင်ပေသည်။

၅၆။ ဖိလစ်ပိုင်တရားစီရင်ရေးတွင် တရားစီရင်ရေးဆိုင်ရာ စိစစ်စစ်ဆေးမှု အမျိုးအစား (၃) မျိုးရှိသည်။ ယင်းတို့မှာ-

(က) တင်းကျပ်သော စိစစ်စစ်ဆေးမှု(The Strict Scrutiny Test) (ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသော အခြေခံလွတ်လပ်ခွင့်များအပါအဝင် အခြေခံအခွင့်အရေးများ ကို စိစစ်ခြင်း)

(ခ) အလယ်အလတ် စိစစ်စစ်ဆေးမှု (Intermediate Scrutiny Test) (တရားဝင်ဖြစ်မှု နှင့် ကျား မ ကိုအခြေခံ၍ စိစစ်ခြင်း)

(ဂ) ကျိုးကြောင်းဆက်စပ်မှုကို အခြေခံ၍ စိစစ်စစ်ဆေးမှု၊ (Rational Basic Test) (အထက်ဖော်ပြပါ စစ်ဆေးမှုများနှင့် အကျုံးမဝင်သောကိစ္စရပ်များအပေါ် စိစစ်ခြင်း) တို့ ဖြစ်သည်။

၅၇။ ခရီးသွားလာခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားသော အခြေခံ အခွင့်အရေး တစ်ခုဖြစ်၍ တင်းကျပ်သောစိစစ်စစ်ဆေးမှုနှင့် အကျုံးဝင်သည်။ တင်းကျပ်သော စိစစ် စစ်ဆေးမှုအရ ဥပဒေတစ်ရပ်ရပ်သည် အခြေခံအခွင့်အရေးတစ်ရပ်ကို ကျင့်သုံးခြင်းအား အဟန့်အတား ဖြစ်စေလျှင် သို့မဟုတ် လူတန်းစားအလွှာတစ်ခု၏ အားနည်းချက်ကို ဖြစ်စေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု သတ်မှတ်ပါသည်။

၅၈။ ထို့ကြောင့် အစိုးရတွင် နိုင်ငံတော်၌ ခိုင်လုံသောအကျိုးစီးပွားရှိသည်ဖြစ်ကြောင်းနှင့် အဆိုပါ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ကန့်သတ်ချုပ်ချယ်မှုအနည်းဆုံးနည်းလမ်း သို့မဟုတ် ရွေးချယ်ထားသည့်နည်းလမ်းများကို အကျိုးစီးပွားပြည့်စုံစေရန် စေ့စပ်စွာ စီမံထားခြင်းဖြစ်ကြောင်း သက်သေပြရန် တာ ဝန်ရှိပါသည်။

၅၉။ **ခိုင်လုံသောနိုင်ငံတော်အကျိုးစီးပွား ရှိ မရှိ ကိစ္စရပ်**နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားသောမူဝါဒများတွင် နိုင်ငံတော်အကျိုးစီးပွားများပါဝင်သည်ဟု သတ်မှတ်ထားသည်။ နိုင်ငံတော်သည် ကလေးသူငယ်များ၏ ကောင်းကျိုးအတွက် ကာကွယ်စောင့်ရှောက်ရန် လုပ်ပိုင်ခွင့်အာဏာတွင် နိုင်ငံ၏ အကျိုးစီးပွားများပါဝင်သည်ဟု တရားလွှတ်တော်ချုပ်က သုံးသပ်သည်။ အရွယ်ရောက်ပြီးသူများထက် အရွယ်မရောက်သေးသူများအပေါ် ကန့်သတ်ချက်များပိုမိုချမှတ်နိုင်သည့်အခွင့်အာဏာမှာနိုင်ငံတော်တွင်ရှိသည်။ဖိလစ်ပိုင်နိုင်ငံဥပဒေများတွင်အရွယ်မရောက်သေးသူများအပေါ် ကန့်သတ်ထားသည့်ပြဋ္ဌာန်းချက်များသည် ၎င်းတို့၏ ကောင်းကျိုးကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်ဟု နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ပြထားပါသည်။

ညမထွက်ရအမိန့်များထုတ်ပြန်ရသည့် ရည်ရွယ်ချက်မှာ အများပြည်သူပိုင်နေရာများတွင် ညအချိန်များတွင် ကြီးကြပ်မှုမရှိသော အရွယ်မရောက်သေးသူများအပေါ် ဖြစ်ပေါ်လာနိုင်သော

အန္တရာယ်များလျော့နည်းစေရန် နှင့် ရာဇဝတ်မှုများကျူးလွန်ခြင်းမှ အကာအကွယ်ပေးရန် တို့ဖြစ်သည်။ Quezon မြို့ ၏ ညမထွက်ရအမိန့်တွင် -

(ခ) x x x ကလေးသူငယ်များ အထူးသဖြင့် အရွယ်မရောက်သေးသူများ၏ သင့်လျော်သော စောင့်ရှောက်မှုနှင့် လမ်းညွှန်မှု၊ ပညာရေးနှင့် ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်မှုတို့ကို လျစ်လျူရှုထားပါက ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း စသည့် အခြေအနေများသို့ဦးတည်သွားစေကာ ရာဇဝတ်မှုကျူးလွန်နိုင်သည့်အန္တရာယ် ကျရောက်စေသော အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်။

xxxx

(ဃ) အကျိုးဆက်အနေဖြင့် အရွယ်မရောက်သေးသောကလေးအများစုသည် ကျောင်းပြင်ပ သွားလာနေထိုင်သည့် လူငယ်များ၊ လမ်းဘေးကလေးများနှင့် လမ်းများ သို့မဟုတ် အခြားအများပြည်သူဆိုင်ရာနေရာများတွင် ကျင်လည်ကျက်စားကြသော နာမည်ဆိုးဖြင့် ကျော်ကြားသော ဂိုဏ်းအဖွဲ့ဝင်များ ဖြစ်လာကြသည်။

xxxx

(စ) Barangay အရာရှိများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များ၏ အစီရင်ခံစာများတွင် ညနေပိုင်းတွင် အချိန်ဖြုန်းနေ၍ ခြေဦးတည့်ရာ သွားလာနေသော အရွယ်မရောက်သေးသူများသည် ဥပဒေနှင့် အမိန့်များကို ချိုးဖောက်မှုများတွင် မကြာခဏဆိုသလို ပါဝင်ပတ်သက်နေသည့်သူများဖြစ်ကြောင်း ဖော်ပြသည်။

(ဆ) ရပ်ရွာအေးချမ်းသာယာစေရေးနှင့် လုံခြုံစေရေးတို့တွင် အရွယ်မရောက်သေးသူများအပေါ် အနိုင်အထက်ကျင့်မှု၊ ရက်စက်ကြမ်းကြုတ်မှုနှင့် ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိခိုက်နစ်နာစေမည့် အခြားအခြေအနေများကို အကာအကွယ်ပေးရန်အတွက် ညပိုင်းအချိန်တွင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ၏ သွားလာလှုပ်ရှားမှုနှင့်စပ်လျဉ်း၍ အချိန်သတ်မှတ်ရန်လိုအပ်သည်။

(ဇ) အဆိုပါအရွယ်မရောက်သေးသူများအပေါ် မိဘအုပ်ထိန်းသူများ၏ ထိန်းကျောင်းမှုအား ပံ့ပိုးကူညီရန်နှင့် လူငယ်များ၏ ညအချိန်လှုပ်ရှားမှုများကို ထိန်းသိမ်းထားရန် လိုအပ်ပြီး ၎င်းတို့၏ မကောင်းသောအပြုအမူလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်ရန် အလားအလာရှိသော နည်းလမ်းများကို တားမြစ်ရန်လိုအပ်သည် ဟု ဖော်ပြထားသည်။

၆၀။ Quezon မြို့နှင့် Manila မြို့တို့၏ ဒေသဆိုင်ရာအစိုးရများ၏တင်ပြချက်များတွင် သက်ဆိုင်ရာ ဒေသများ၌ ကျူးလွန်ခံရသူ သို့မဟုတ် ကျူးလွန်သူအဖြစ် ပါဝင်လျက်ရှိသော အရွယ်မရောက်သေး သူများနှင့်ပတ်သက်သည့် ထိတ်လန့်ဖွယ်ရာ ရာဇဝတ်မှုများဖြစ်ပွားမှုကို ကိန်းဂဏန်း အချက်အလက်များ ကို တင်ပြကြသည်။

၆၁။ ယင်းအချက်များအပေါ် အခြေခံ၍ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များသည် ထိန်းသိမ်းကြပ်မတ်ရန် အခွင့်အာဏာအရ ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရန် လိုအပ်သည်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များက အရွယ်မရောက်သေးသူများနှင့်သက်ဆိုင်သည့်ညမထွက်ရအမိန့်များ ထုတ်ပြန်ရခြင်းသည် ပြည်သူ့အကျိုးနှင့်သက်ဆိုင်ကြောင်း တရားဝင်တင်ပြရန် ကြိုးပမ်းခဲ့သည်ကို တရားလွှတ်တော်ချုပ်က တွေ့ရှိရသည်။ ထို့ကြောင့် ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းရန်အတွက် ခိုင်လုံသော နိုင်ငံတော်အကျိုးစီးပွားရှိနေသည် ဟု သုံးသပ်ခဲ့ပါသည်။

၆၂။ **ကန့်သတ်မှုအနည်းဆုံးနည်းလမ်းများ/ စေ့စပ်စွာရေးဆွဲခြင်းနှင့်စပ်လျဉ်း၍** တင်းကျပ်သော စိစစ်စစ်ဆေးမှု၏ ဒုတိယလိုအပ်ချက်မှာ နိုင်ငံသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးရာတွင် တရားဝင်လုပ်ဆောင်မှုများကို အဟန့်အတား မဖြစ်စေရန် ဖြစ်ပါသည်။ ရပိုင်ခွင့်များကို ကန့်သတ်နိုင်သော်လည်း၊ အဆိုပါကန့်သတ်ချက်များသည် ရည်ရွယ်ချက် အောင်မြင်ရန်အတွက် သို့မဟုတ် နိုင်ငံတော်၏ ခိုင်လုံသောအကျိုးစီးပွားအတွက် လိုအပ်သည့် အတိုင်းအတာအထိ သို့မဟုတ် အနည်းငယ်မျှသာ ဖြစ်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် အငြင်းပွားမှုများကို ရှောင်ရှားရန်အတွက် အစိုးရ၏ စည်းမျဉ်းများကို ဖြစ်နိုင်သမျှ ပိုမိုစေ့စပ်စွာ ရေးဆွဲရမည်ဖြစ်ပါသည်။

၆၃။ အရွယ်မရောက်သေးသူများသည် အရွယ်ရောက်ပြီးသူများနှင့် ကွဲပြားခြားနားစွာ ဆက်ဆံခံရသော်လည်း လူမှုရေး၊ ဘာသာရေး သို့မဟုတ် နိုင်ငံသားနှင့်သက်ဆိုင်သော တရားဝင်လှုပ်ရှားမှုတွင် လွတ်လပ်စွာပါဝင်ခွင့်ကို အသိအမှတ်ပြုထားဆဲဖြစ်သည်။ ထို့ကြောင့် ညမထွက်ရအမိန့်များသည် အရွယ်မရောက်သေးသူများ၏ ခရီးသွားလာခွင့်သာမက ၎င်းတို့၏ အခြားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများအပေါ် ကန့်သတ်မှုအနည်းဆုံးဖြစ်စေရန်အတွက် စေ့စပ်စွာရေးဆွဲရန် လိုအပ်သည်။ ညမထွက်ရအမိန့်များ၏ ပြဋ္ဌာန်းချက်များကို သုံးသပ်ပြီးနောက်၊ Quezon မြို့၏ ညမထွက်ရအမိန့်သာလျှင် အထက်ဖော်ပြပါလိုအပ်ချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည် ဟု တရားလွှတ်တော်ချုပ် က သုံးသပ်သည်။

၆၄။ Manila မြို့၏ ညမထွက်ရအမိန့်တွင် ကင်းလွတ်ခွင့်ပေးထားသည့် အခြေအနေ ၄ ရပ်ကို ဖော်ပြထားသည် -

(က) မိဘများ၊ တရားဝင်အသက်ပြည့်ပြီးသူ မိသားစုဝင်များ သို့မဟုတ် အုပ်ထိန်းသူများနှင့်အတူ လိုက်ပါလာသည့် အရွယ်မရောက်သေးသူများ၊

(ခ) အရေးပေါ်ကိစ္စများအတွက် ဆေးဝါးဝယ်ယူခြင်း၊ အရေးပေါ်ကိစ္စရပ်အတွက် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများ အသုံးပြုခြင်းစသော အိမ်မှုကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူများ၊

(ဂ) ညကျောင်း တက်ရောက်နေသူများနှင့် ၎င်းတို့၏ အလုပ်အကိုင်အရ ည ၁၀ နာရီနောက်ပိုင်းတွင် လမ်းများ သို့မဟုတ် ၎င်းတို့၏နေအိမ်အပြင်ဘက်တွင် ရောက်ရှိနေသူများ၊

(ဃ) ညအချိန်တွင် အလုပ်လုပ်သူများ။

၆၅။ Navotas မြို့၏ ညမထွက်ရအမိန့်တွင်မူ ပိုမိုကင်းလွတ်ခွင့်ပြုထားသည်ကိုတွေ့ရှိရသည် -

(က) ညသင်တန်းများတက်ရောက်နေသော အရွယ်မရောက်သေးသူများ၊

(ခ) ညအချိန်တွင်အလုပ်လုပ်နေသူများ၊

(ဂ) Barangay ရုံးနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် ကျောင်း သို့မဟုတ် ဘုရားကျောင်းလှုပ်ရှားမှုကို ပါဝင်ဆောင်ရွက်နေသူများ၊

(ဃ) ညမထွက်ရအချိန်အတွင်း နေအိမ်သို့ ပြန်လာနေသူများ၊

(င) မိဘ၊ အုပ်ထိန်းသူများ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အိမ်မှုကိစ္စများဆောင်ရွက်နေသူများ၊

(စ) ယာဉ်မတော်တဆမှု၊ ကပ်ဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရသူများ။

ထို့ပြင် အရွယ်မရောက်သေးသူများကိုလည်း ပွဲတော်အခါသမယဖြစ်သော ခရစ္စမတ်အကြို၊ ခရစ္စမတ်နေ့၊ နှစ်သစ်ကူးအကြို၊ နှစ်သစ်ကူးနေ့၊ barangay fiesta အကြိုည၊ fiesta နေ့၊ သူတော်စင်များနှင့် စိတ်ဝိညာဉ်နေ့များ၊ Holy Thursday၊ Good Friday၊ Black Saturday နှင့် Easter Sunday များကိုလည်း ကင်းလွတ်ခွင့် ပေးထားသည်။

၆၆။ ထိုအမိန့် ၂ ခု ၏ ကင်းလွတ်ခွင့်များသည် စေ့စပ်စွာရေးဆွဲထားခြင်းမဟုတ်ဘဲ အရွယ်မရောက်သေးသူများ၏ အခြေခံလွတ်လပ်ခွင့်များကို အလွန်အမင်းကန့်သတ်ခြင်းအန္တရာယ်အား တရားလွှတ်တော်ချုပ်က သတိပြုမိသည်။ ပညာရေးဆိုင်ရာအခွင့်အရေးများ၊ အလုပ်အကိုင်များရရှိရန်နှင့် ညအချိန်တွင်ကျောင်း သို့မဟုတ် အလုပ်မှ ခရီးသွားခြင်း ဆိုင်ရာ အခွင့်အရေးများကို အမိန့် ၂ ခုစလုံးမှ တူညီစွာကာကွယ်ပေးပါသည်။ သို့သော် Navotas မြို့ ၏ ညမထွက်ရအမိန့်သည် အတိုင်းအတာ

တစ်ခုအထိပင်ကာကွယ်ထားပြီး Manila မြို့၏ ညမထွက်ရအမိန့်သည် အရွယ်မရောက်သေးသူများ၏ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အတွက် ထည့်သွင်းထားခြင်းမရှိဟု တရား လွှတ်တော်ချုပ်က သုံးသပ်သည်။

၆၇။ Manila မြို့၏ ညမထွက်ရအမိန့်ပါ ကင်းလွတ်ခွင့်များသည်အခြေအနေများကို လွှမ်းခြုံနိုင်မှု မရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသည့် လွတ်လပ်မှုများကို လွန်ကဲစွာ ပိတ်ပင်ခြင်းပင် ဖြစ်သည်။ Navotas မြို့၏ ညမထွက်ရအမိန့်သည် Manila မြို့၏ ညမထွက်ရအမိန့်ထက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ပိုမိုကာကွယ်ပေးထားသည်။ သို့ရာတွင် လုံလောက်သော အကာအကွယ်ပေး ခြင်း မဟုတ်ပေ။

၆၈။ Navotas မြို့၏ ညမထွက်အမိန့်သည် အရွယ်မရောက်သေးသူများကို ကျောင်း သို့မဟုတ် ဘုရားကျောင်း လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပြုသော်လည်း၊ တရားဝင်ကျောင်းမဟုတ်သည့် သို့မဟုတ် ဘုရားကျောင်းမဟုတ်သည့် လှုပ်ရှားမှုများတွင် ပါဝင်ရန် သို့မဟုတ် လမ်းများပေါ်တွင် သို့မဟုတ် ထိုသို့သော လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမှ ဟန့်တားထားသည်။ ထို့ကြောင့် ၎င်းတို့၏ လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်ကို ထိထိရောက်ရောက် ကန့်သတ်ထားသည်။ ကျောင်း သို့မဟုတ် ဘုရားကျောင်း မှလွဲ၍ အခြားအဖွဲ့အစည်းများ၏ တရားဝင်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် အရွယ်မရောက်သေး သူများ၏ လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုကြောင်း အလေးပေးဖော်ပြထားသော်လည်း Navotas မြို့၏ ညထွက်မရအမိန့်တွင် အဆိုပါပါဝင်ဆောင်ရွက် မှုကို ကင်းလွတ်ခွင့်မပြုပေ။

၆၉။ Navotas မြို့၏ ညမထွက်ရအမိန့်သည် ခရစ္စမတ်အကြိုနှင့် ခရစ္စမတ်နေ့များတွင် ညမထွက်ရအမိန့်ကို ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အခြားသော ညအချိန်တွင် ရိုးရာဘာသာရေး လှုပ်ရှားမှုများတွင် အရွယ်ရောက်ပြီးသူများ လိုက်ပါခြင်းမရှိဘဲ အရွယ်မရောက်သေးသူများ တက် ရောက်ခြင်းမပြုရန် ထိရောက်စွာ တားမြစ်ထားသည်။

၇၀။ Navotas မြို့၏ ညမထွက်ရအမိန့်သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့် နှင့်အညီ အရွယ်မရောက်သေးသူများကို နိုင်ငံရေးဆိုင်ရာ လူထုစည်းဝေးပွဲများ သို့မဟုတ် မြို့တော် ကောင်စီ အစည်းအဝေးများသို့ တက်ရောက်ရန် ခွင့်ပြုထားခြင်းမရှိပေ။

၇၁။ Navotas မြို့၏ ညမထွက်ရအမိန့်တွင် အရွယ်မရောက်သေးသူများကို ညမထွက်ရအချိန် ပြင်ပတွင် လှုပ်ရှားမှုများတွင် ပါဝင်ရန် ခွင့်ပြုထားသော်လည်း တရားရုံးသည် ညမထွက်ရအချိန် အတွင်း ၎င်းတို့အား အဆိုပါတရားဝင်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုရန် တားမြစ်စရာ အကြောင်း မရှိပေ။ Navotas မြို့၏ ညမထွက်ရအမိန့်သည် အဆိုပါတရားဝင်လှုပ်ရှားမှုများက နိုင်ငံတော်၏

အကျိုးစီးပွားနှင့် ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်မှုမရှိဘဲ အပြန်အတားမျှသာဖြစ်သည်။ထို့ကြောင့် Navotas မြို့၏ ညမထွက်ရအမိန့်ကို စေ့စပ်စွာ ရေးဆွဲထားခြင်း မဟုတ်ပေ။ ထို့အတူ ကင်းလွတ်ချက်များဖြင့် Manila မြို့၏ ညမထွက်ရအမိန့်ကိုလည်း စေ့စပ်စွာရေးဆွဲထားခြင်း မရှိပေ။

၇၂။ Quezon မြို့၏ညမထွက်ရအမိန့်အား Manila မြို့နှင့် Navotas မြို့များ၏ ညမထွက်ရအမိန့်တို့နှင့် နှိုင်းယှဉ်ပါက အရွယ်မရောက်သေးသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးကို ပိုမိုကာကွယ်ပေးထားသည်ဟု တရားလွှတ်တော်ချုပ်က သုံးသပ်သည်။ Quezon မြို့၏ ညမထွက်ရအမိန့်၏ ကင်းလွတ်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ပုဒ်မ ၄။ ကင်းလွတ်ခွင့်များ - အောက်ပါအခြေအနေများအောက်တွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့် အကျုံးမဝင်စေရ -

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လိုက်ပါသွားသူများ၊

(ခ) ပါတီပွဲ၊ ဘွဲ့နှင်းသဘင်အခမ်းအနား၊ ဘာသာရေးပွဲများသို့ သွားစဉ် သို့မဟုတ် ပြန်စဉ်လမ်းတွင် လည်းကောင်း၊ နှင့်/သို့မဟုတ် ၎င်းတို့ကျောင်း၏ သို့မဟုတ် အဖွဲ့အစည်း၏ အခြားသင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများတွင် တက်ရောက်ရန် လိုအပ်သောအခါတွင်လည်းကောင်း၊ အိမ်သို့စောစီးစွာမသွားနိုင်သည့် အရွယ်မရောက်သေးသူများ

(ဂ) မီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆေးရုံတက်ကုသခြင်း၊ လမ်းမတော်တဆဖြစ်မှု၊ အလားတူဖြစ်ရပ်များကဲ့သို့ အရေးပေါ်အခြေအနေဖြင့် တွေ့ကြုံနေသူများ၊

(ဃ) တရားဝင်ခွင့်ပြုထားသော အလုပ်လုပ်ကိုင်နေစဉ် သို့မဟုတ် ထိုအလုပ်မှ နေအိမ်သို့ ကွေ့ပတ်သွားလာခြင်း သို့မဟုတ် ရပ်နားခြင်း မရှိဘဲ ပြန်လာနေသည့် အရွယ်မရောက်သေးသောသူများ

(င) အရွယ်မရောက်သေးသူသည်ဤအမိန့်ကို ဖောက်ဖျက်ခြင်းမရှိဘဲ အရွယ်ရောက်ပြီးသူနှင့်အတူ မော်တော်ယာဉ်တစ်စီး သို့မဟုတ် အခြားခရီးသွားယာဉ်တွင် လိုက်ပါစီးနင်းလာသည့်အခါတွင်၊

(စ) အရေးပေါ်အခြေအနေတစ်ခုတွင် ပါဝင်နေသည့် အရွယ်မရောက်သေးသူ

(ဆ) တရားဝင်ကျောင်း၊ ဘာသာရေး၊ အပန်းဖြေမှု၊ ပညာရေး၊ လူမှုရေး၊ အဖွဲ့အစည်း သို့မဟုတ် မြို့တော်၊ barangay၊ ကျောင်း သို့မဟုတ် အခြားအလားတူ ပုဂ္ဂလိက၊ အရပ်ဘက်၊ဘာသာရေး အဖွဲ့အစည်း/အဖွဲ့ မှ (အသိအမှတ်ပြုသည့်အဖွဲ့အစည်း) ပံ့ပိုးပေးသော အခြားအလားတူ ပုဂ္ဂလိက လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်

နေစဉ် သို့မဟုတ်  ထိုလုပ်ရှားမှုများမှ နေအိမ်သို့ ကွေ့ပတ်သွားလာခြင်း သို့မဟုတ် ရပ်နားခြင်း မရှိဘဲ ပြန်လာနေသည့် အရွယ်မရောက်သေးသူများ

(ဇ) ကျောင်းသားတစ်ဦးဖြစ်ကြောင်းနှင့် ညနေပိုင်းတွင် သင်တန်းမှ ဆင်းကြောင်း သို့မဟုတ် အလုပ်သင်ကျောင်းသား တစ်ဦးဖြစ်ကြောင်း အထောက်အထားများ တင်ပြနိုင်သည့် အရွယ်မရောက်သေးသူများ။

၇၃။ အထက်ဖော်ပြပါ ကင်းလွတ်ခွင့် (ခ) နှင့် (ဆ) တို့သည် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ခရီးသွားလာခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးများကို အာမခံထားခြင်းဖြစ်သည်။ အဆိုပါအကြောင်းအရာများသည် အရွယ်မရောက်သေးသူများကို ကျောင်း သို့မဟုတ် ဘုရားကျောင်းများသာမက အခြားတရားဝင်အဖွဲ့အစည်းများ၏ တရားဝင်နှင့် သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို အတည်ပြု ခွင့်ပြုထားခြင်းဖြစ်သည်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို အရပ်ဘက်ဆိုင်ရာ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများ၏ တရားဝင်လှုပ်ရှားမှုများတွင် အရွယ်မရောက် သေးသူများ ပါဝင်ခွင့်ကို ညမထွက်ရချိန်အတွင်း ခွင့်ပြုပေးထားခြင်းဖြစ်သည်။ Navotas မြို့၏ ညမထွက်ရ အမိန့်နှင့်မတူညီဘဲ၊ Quezon မြို့၏ ညမထွက်ရအမိန့်သည် လွတ်လပ်စွာဘာသာရေးကျင့်သုံးခွင့်ကို ညမထွက်ရအချိန်အတွင်းပင် ရိုးရာဘာသာရေးပွဲများတွင် အရွယ်မရောက်သေးသူများကို ပါဝင်ဆောင်ရွက်ခြင်းအား ခွင့်ပြုခြင်းဖြင့် လုံလောက်စွာအကာအကွယ်ပေးထားသည်ကို တွေ့ရှိရသည်။ ခရီးသွားလာခွင့်နှင့်စပ်လျဉ်း၍ အဆိုပါလှုပ်ရှားမှုများ ကျင်းပသည့်နေရာများသို့ အရွယ်မရောက်သေးသူ များအား သွားလာခွင့်ပြုထားသည်။ ထို့ကြောင့် Quezon မြို့၏ ညမထွက်ရအမိန့်သည် ကြီးကြပ်ကွပ်ကဲမှု မရှိသော အရွယ်မရောက်သေးသူများ၏လုပ်ဆောင်မှုများကိုသာ တားမြစ်ထားခြင်း သာဖြစ်သည်။ ထို့ကြောင့် Quezon မြို့၏ ညမထွက်ရအမိန့်သည် ကင်းလွတ်ခွင့်များကို စေ့စပ်စွာရေးဆွဲထားသောကြောင့် ကျိုးကြောင်းဆီလျော်စွာ တရားမျှတသည်ဟု တရားလွှတ်တော်ချုပ်က သုံးသပ်သည်။

### (၂-၄) Manila မြို့၏ ညမထွက်ရအမိန့်ပါ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇၄။ လျှောက်ထားသူများသည် Manila မြို့၏ ညမထွက်ရအမိန့်ပါ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ကိုဆန့်ကျင်လျက်ရှိပါသည်ဟု တင်ပြခဲ့ကြသည်။

၇၅။ တရားလွှတ်တော်ချုပ်သည် Manila မြို့၏ ညမထွက်ရအမိန့်ပါ ပြစ်ဒဏ်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ရာတွင် Quezon မြို့၏ ညမထွက်ရအမိန့်တွင် ပုဒ်မ ၈ အရ မိဘ သို့မဟုတ် အုပ်ထိန်းသူများကို ပြစ်ဒဏ်ချမှတ်ရာတွင် အရွယ်မရောက်သေးသူများအပေါ် မည်သည့်ပြစ်ဒဏ်

ကိုမျှ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ Navotas မြို့၏ ညမထွက်ရအမိန့်တွင်မူ အရွယ်မရောက်သေးသူများ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူများသည် သတ်မှတ်ထားသည့် ငွေဒဏ် ပေးဆောင်ရမည်။ ငွေဒဏ်ကို မထမ်းဆောင်နိုင်ပါက အရွယ်မရောက်သေးသူကို ၎င်းတို့၏မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လူမှုရေးဆိုင်ရာ တာဝန်နှင့် ရပ်ရွာဝန်ဆောင်မှုများ ဆောင်ရွက်ရန် ပြဋ္ဌာန်းထား သည်။ **Manila မြို့၏ ညမထွက်ရအမိန့်** တွင် အရွယ်မရောက်သေးသူ၏ အသက် အရွယ်နှင့် ပြစ်မှု ကျူးလွန်သည့် အကြိမ်ရေအလိုက်ပေါ်မူတည်၍ ဒဏ်ခတ်အရေးယူမှုများ သတ်မှတ် ခဲ့သည်။

ပုဒ်မ ၄။ ချိုးဖောက်ခြင်းအတွက် အရေးယူမှုများနှင့် ပြစ်ဒဏ်များ။ ဤဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် ကလေး သို့မဟုတ် လူငယ် မည်သူမဆို အောက်ပါအတိုင်း အရေးယူပြစ်ဒဏ် ချမှတ်ခြင်းခံရမည် -

(က) ပြစ်မှုကျူးလွန်သူသည် အသက်ဆယ့်ငါးနှစ် (၁၅) နှင့် ၁၅ နှစ်အောက်ဖြစ်ပါက အရေးယူမှု ပြစ်ဒဏ်တွင် ပြစ်မှုကျူးလွန်သူလူငယ်အတွက် ပြစ်တင်ရှုတ်ချဆုံးမ ခြင်းတစ်ခုနှင့် ကျူးလွန်သူ၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် မိဘအခွင့်အာဏာကို ကျင့်သုံးနေသူအား သတိပေးဆုံးမခြင်းပါရှိသည်။

(ခ) ပြစ်မှုကျူးလွန်သူသည် အသက်ဆယ့်ငါး (၁၅) နှစ်နှင့် အသက်ဆယ့်ရှစ် (၁၈) နှစ်အောက် ဖြစ်ပါက အရေးယူမှု/ ပြစ်ဒဏ်မှာ -

(၁) ပထမအကြိမ်ပြစ်မှုအတွက် - သတိပေးခြင်းနှင့် သတိပေးဆုံးမခြင်း၊

(၂) ဒုတိယအကြိမ်ပြစ်မှုအတွက် - သတိပေးခြင်းနှင့် သတိပေးဆုံးမခြင်း၊ နှင့် တတိယအကြိမ်နှင့် နောက်ထပ်ချိုးဖောက်မှုအတွက် ဥပဒေအရ အရေးယူခြင်း နှင့်

(၃) တတိယအကြိမ်နှင့် နောက်ထပ်ပြစ်မှုများအတွက် - ထောင်ဒဏ် (၁) ရက်မှ (၁၀) ရက်အထိဖြစ်စေ၊ ငွေဒဏ် ပီဆိုနှစ်ထောင် (Php 2,000.00)ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးဖြစ်စေ တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်နိုင်သည်။ တိုင်တန်းချက်ကို Punong Barangay မြို့၏ အစိုးရရှေ့နေရုံးက တင်ပြရမည်။

၇၆။ ထိုကြောင့် အရွယ်မရောက်သေးသူများအပေါ် လူမှုရေးဝန်ဆောင်မှုပြစ်ဒဏ်၊ အပြစ်ဖော် ဆုံးမသည့် ပြစ်ဒဏ်၊ ပြစ်ဒဏ် ထည့်သွင်းပြဋ္ဌာန်းထားခြင်းသည် တရားဝင်ဖြစ်မဖြစ် ပြဿနာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ၏ ပုဒ်မ ၅၇ နှင့် ၅၇-က တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

ပုဒ်မ ၅၇။ ပြစ်မှုအဆင့်အတန်းများ - အရွယ်ရောက်ပြီးသူတစ်ဦးက ကျူးလွန်လျှင် ပြစ်မှု သို့မဟုတ် ပြစ်ဒဏ်ထိုက်သင့်သည်ဟု မယူဆသည့် မည်သည့်အပြုအမူကိုမဆို ကလေးတစ်ဦးက ကျူးလွန်ပါက ပြစ်မှု သို့မဟုတ် ပြစ်ဒဏ်ထိုက်သင့်သည်ဟု မမှတ်ယူရ။

ပုဒ်မ ၅၇-က။ ဒေသဆိုင်ရာဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ချိုးဖောက်ခြင်း - ကန့်သတ်ထားသော ညမထွက်ရအမိန့်ကို ချိုးဖောက်မှုများ၊ ကျောင်းပြေးခြင်း၊ မိဘ ဆိုဆုံးမမှုကို မနာခံခြင်း၊ အများပြည်သူဆိုင်ရာလုံခြုံမှု သို့မဟုတ် လုံခြုံရေးကို ထိခိုက်စေသည့် ပြစ်မှုများအပြင် စည်းမဲ့ကမ်းမဲ့ပြုမူခြင်း၊ အများပြည်သူကိုနှောင့်ယှက်ခြင်း၊ ပြည်သူများကြား အရက်သေစာသောက်စားခြင်း၊ ရာဇဝတ်မကင်းသည့် အနှောင့်အယှက်ပေးခြင်း၊ ဖျက်ဆီးခြင်း၊ လောင်းကစားခြင်း၊ တားမြစ်ဆေးသုံးစွဲခြင်း၊ အမှိုက်ပစ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာတွင် အညစ်အကြေးစွန့်ခြင်းနှင့် ပိုင်နက်ကျူးလွန်ခြင်း တို့ကဲ့သို့ အရွယ်မရောက်သေးသူ ကျူးလွန်သောပြစ်မှု အဆင့်အတန်းများနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာအစိုးရများက ထုတ်ပြန်ထားသော ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များသည် ကလေးများအား အကာအကွယ်ပေးရန်အတွက်ဖြစ်ရမည်။ အဆိုပါချိုးဖောက်မှုအတွက် ကလေးများအား ပြစ်ဒဏ် ချမှတ်ခြင်းမပြုရ။ ယင်းအစား ၎င်းတို့အား ၎င်းတို့၏ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံ ရန်အတွက် ၎င်းတို့နေထိုင်ရာ သို့မဟုတ် barangay ရုံးရှိ barangay အရာရှိတစ်ဦးဦးထံ ပို့ဆောင်ရမည်။ ထိုသို့သော စည်းမျဉ်းစည်းကမ်းများတွင် သင့်လျော်သောအစီအစဉ်များကို ဆောင်ရွက်ပေးရမည်။ အဆိုပါကလေးအား "အန္တရာယ်ရှိသောကလေး"အဖြစ်လည်းကောင်း၊ "ဥပဒေနှင့်မညီသောကလေး" အဖြစ်လည်းကောင်း မှတ်တမ်းတင်ထားရမည်။ ကလေးများအတွက် အကြံဉာဏ်ပေးခြင်း၊ အဖွဲ့လိုက်လှုပ်ရှားမှုများတွင် ပါဝင်စေခြင်းနှင့် မိဘများအတွက် မိဘအုပ်ထိန်းခြင်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲများ တက်ရောက်ခြင်းကဲ့သို့ စည်းမျဉ်းစည်းကမ်းများနှင့် အစီအစဉ်များကိုလည်း ပြဋ္ဌာန်းပေးရ မည်။

၇၇။ ဖော်ပြပါပြဋ္ဌာန်းချက်များသည် အရွယ်ရောက်ပြီးသူများ၏ အလားတူအပြုအမူကိုကျူးလွန်ရာ၌ ပြစ်မှုတစ်ခု သို့မဟုတ် ပြစ်ဒဏ်ထိုက်သင့်သည်ဟု မမှတ်ယူသည့်အခါတွင် အရွယ်မရောက်သေးသူများ၏ အပြုအမူကို တားမြစ်ပိတ်ပင်သည့် စည်းမျဉ်းများပြဋ္ဌာန်းခြင်းကို တားမြစ်ထားခြင်းမရှိပေ။ အဆိုပါ ဥပဒေ၏တားမြစ်ထားသည်မှာ အရွယ်မရောက်သေးသူများအပေါ် ချိုးဖောက်မှုအတွက် ပြစ်ဒဏ် ဆိုင်ရာပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းခြင်းကို တားမြစ်ခြင်းဖြစ်သည်။ ထို့ကြောင့် အရွယ်မရောက်သေးသူများအပေါ် ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ် မပေး ဘဲ ပြဋ္ဌာန်းခြင်းသည် ပုဒ်မ ၅၇-ကကို ချိုးဖောက်ခြင်းမဟုတ်ပေ။

၇၈။ "ပြစ်ဒဏ်" ဟု ဆိုရာတွင် "မှားယွင်းမှုတစ်ခုအတွက် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် တို့ဖြင့် အပြစ်ပေးခြင်းကို ဆိုသည်။ အပြစ်ပေးခြင်းကို တမင်တကာ သို့မဟုတ် ပေါ့ဆစွာ ကျူးလွန်သူအား ဥပဒေအရအခွင့်အာဏာရှိသောသူများက ချမှတ်သည်။ ပြစ်ဒဏ်ဆိုသည်မှာ ဥပဒေကို ချိုးဖောက်သူအား ငွေဒဏ်၊ ပြစ်ဒဏ်၊ ချုပ်နှောင်ခြင်း သို့မဟုတ် ပစ္စည်းဆုံးရှုံးစေခြင်း စသည့် အရေးယူအပြစ်ပေးဒဏ်ခတ်မှုအဖြစ် သတ်မှတ်သည်။"

၇၉။ Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ပါ ပြဋ္ဌာန်းချက်များသည် စည်းမျဉ်းများကို ဖောက်ဖျက်ကျူးလွန်သည့် အရွယ်မရောက်သေးသူများ၏ လုပ်ရပ်အားလုံးသည် ဥပဒေ အကျိုးဆက်များ မရှိဟု မှတ်ယူရမည်မဟုတ်ပေ။ ပုဒ်မ ၅၇-က သည် ပုဒ်မ ၅၄ အရ အသိအမှတ်ပြုထားသော ရပ်ရွာအခြေပြုအစီအစဉ်များကဲ့သို့သော သင့်လျော်သောအစီအစဉ်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာအစိုးရများအား အခွင့်အာဏာပေးထားသည်။

၈၀။ အရွယ်မရောက်သေးသူအား ရပ်ရွာဝန်ဆောင်မှုဆောင်ရွက်စေခြင်းသည် ဒေသဆိုင်ရာအစိုးရများက (ဥပမာ Navotas မြို့ကဲ့သို့) အရွယ်မရောက်သေးသူများ၏ ကောင်းကျိုးကို မြှင့်တင်ပေးသည့်အမိန့်တစ်ရပ်တွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့်ပုံစံတစ်ခုဖြစ်သည်။ ရပ်ရွာဝန်ဆောင်မှုအစီအစဉ်များသည် အရွယ်မရောက်သေးသူများကို ထောင်သွင်းအကျဉ်းချထားခြင်းကြောင့်ဖြစ်ရသည့် ကိုယ်ကျင့်တရားနှင့် လူမှုရေးဆိုင်ရာအမည်းစက်များမပါဘဲ ၎င်းတို့၏ ဆိုးသွမ်းသောလုပ်ရပ်များအတွက် ပြန်လည်ထူထောင်ရေးပုံစံကို ပံ့ပိုးပေးခြင်းဖြစ်သည်။ ထိုအစီအစဉ်များသည် စည်းကမ်း၊ ဥပဒေနှင့် ဥပဒေအမိန့်များနှင့်အညီ စည်းကမ်းရှိစေရန် ကူညီပေးခြင်းဖြစ်သည်။ ထို့ထက်ပိုအရေးကြီးသည်မှာ အရွယ်မရောက်သေးသူများအား လူ့အဖွဲ့အစည်း၏ အကျိုးကိုဖြစ်ထွန်းစေသော လူပုဂ္ဂိုလ်များ ဖြစ်လာစေရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်။

၈၁။ Manila မြို့တွင် ချမှတ်ထားသော သတိပေးဆုံးမခြင်း အရေးယူမှုသည် Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ၏ ပုဒ်မ ၅၇ နှင့် ၅၇-က တို့ဖြင့် တူညီ၍ အရွယ်မရောက်သေးသူများ၏ အသေးအဖွဲ့အပြုအမူကို သဘောမတူကြောင်း ဖော်ပြခြင်း၏ တရားဝင်သတိပေးသည့် နည်းလမ်းတစ်ခုသာဖြစ်သောကြောင့် ဖြစ်သည်။ သတိပေးဆုံးမခြင်း (Admonition) ကို "နူးညံ့သိမ်မွေ့သော သို့မဟုတ် ဖော်ရွေစွာ ပြစ်တင်ဆုံးမစကားပြောဆိုခြင်း" သို့မဟုတ် "အမှား သို့မဟုတ် သတိမမူမိခြင်းကို အကြံပြုဆွေးနွေးခြင်း သို့မဟုတ် သတိပေးခြင်း" အဖြစ် ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဖိလစ်ပိုင်ဥပဒေအဘိဓာန်က ၎င်းအား "နူးညံ့သိမ်မွေ့သော သို့မဟုတ် ဖော်ရွေသောဆုံးမခြင်း၊ ညင်သာစွာ ဆုံးမခြင်း၊ သတိပေးခြင်း သို့မဟုတ် သတိပေးချက်၊ (အကြံပေးခြင်း)၊ အမှားတစ်ခု၊ အမှားအယွင်း သို့မဟုတ် ကြီးကြပ်မှု၊ အခွင့်အာဏာရှိသော အကြံဉာဏ် သို့မဟုတ် သတိပေးဖော်ပြချက်" အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သတိပေးခြင်းနှင့်

သတိပေးဆုံးမခြင်းတို့သည် ပြစ်ဒဏ်တစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ခြင်းမပြုဟု ဖိလစ်ပိုင် ဥပဒေပညာရပ်တွင် အတိအလင်းဖော်ပြထားသည်။

၈၂။ တစ်နည်းဆိုရသော် ရပ်ရွာအခြေပြုအစီအစဉ်များနှင့် သတိပေးဆုံးမခြင်းတို့သည် ပြစ်ဒဏ်ပေးခြင်းမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိသာထင်ရှား၍ အရွယ်မရောက်သေးသူ၏ အခွင့်အရေးနှင့် အပြုအမူအပေါ် ယေဘုယျအားဖြင့် နှောင့်ယှက်မှု နည်းပါးပါသည်။ ရှင်းရှင်းလင်းလင်းသိရလျှင် ၎င်းတို့၏ ရည်ရွယ်ချက်များမှာ အရွယ်မရောက်သေးသူများကို တရားဝင် အသိပညာပေးရန်ဖြစ်ပြီး နောင်တွင် မည်သည့်လုပ်ဆောင်မှုများကို ရှောင်ရှားရမည်ကို နားလည်စေရန်ဖြစ်သည်။

၈၃။ သို့သော်လည်း Manila မြို့၏ ညမထွက်ရအမိန့်တွင် ထည့်သွင်းပြဋ္ဌာန်းထားသော အရွယ်မရောက်သေးသူများအပေါ် ပြစ်တင်ရှုတ်ချခြင်း၊ ငွေဒဏ်နှင့် ထောင်ဒဏ်များချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ မတူညီသော ကောက်ချက်တစ်ခု ရောက်ရှိလာသည်။ ပြစ်တင်ရှုတ်ချခြင်းကို "ပြင်းထန်သော သို့မဟုတ် တရားဝင် ဆုံးမစကား" အဖြစ် ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။" ၎င်းသည် သတိပေးခြင်း သို့မဟုတ် သတိပေးဆုံးမခြင်းထက် ပိုမိုသာလွန်မှုရှိသည်။" တစ်နည်းအားဖြင့်ဆိုသော် ပြစ်တင်ရှုတ်ချခြင်းတွင် မှားယွင်းကျူးလွန်ခဲ့သည့်ပုဂ္ဂိုလ်အား ကျူးလွန်ခဲ့သော အမှားသို့မဟုတ် ချိုးဖောက်မှုကို ရှုတ်ချရန်၊ ပြင်းပြင်းထန်ထန် ဝေဖန် ပြစ်တင်ရန်နှင့် မှားယွင်းကျူးလွန်သူအား တူညီသောပြစ်မှုများထပ်မံကျူးလွန်ခြင်းမှ ကင်းရှင်းစေရေးအတွက် ပြင်းပြင်းထန်ထန် သတိပေးရန်အတွက် အများပြည်သူဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ပြစ်တင်ရှုတ်ချခြင်းတို့သည် ပြစ်ဒဏ်တစ်ရပ်အဖြစ် ထည့်သွင်းဆုံးဖြတ်ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင် ဥပဒေပညာရပ်တွင် အတိအလင်းဖော်ပြထားသည်။

၈၄။ ငွေဒဏ် နှင့်ထောင်ဒဏ်များသည် ပြစ်ဒဏ်များဖြစ်သည်ကို မငြင်းပယ်နိုင်ပေ။ ထို့ကြောင့် Juvenile Justice and Welfare Act (ဥပဒေအမှတ် ၉၃၄၄) ၏ ပုဒ်မ ၅၇-က တို့တွင် တားမြစ်ထားသည်ကို ရှင်းလင်းစွာဖော်ပြထားသည်။ ညမထွက်ရအမိန့်များကို ချိုးဖောက်သည့် အရွယ်မရောက်သေးသူများအပေါ် ပြစ်တင်ရှုတ်ချခြင်း၊ ငွေဒဏ်နှင့် ထောင်ဒဏ်များကို ပြစ်ဒဏ်အဖြစ်ထည့်သွင်းပြဋ္ဌာန်းထားသည့် ပုဒ်မ ၄ သည် ဥပဒေအမှတ် ၉၃၄၄ ၏ ပုဒ်မ ၅၇-က ကို ဆန့်ကျင်လျက်ရှိသည်ဖြစ်၍ တရားမဝင်ပေ။ အရွယ်မရောက်သေးသူများအပေါ်တွင် ရပ်ရွာဝန်ဆောင်မှုအစီအစဉ်နှင့် သတိပေးဆုံးမခြင်းတို့ကိုသာ ခွင့်ပြုသည်ဟု တရားလွှတ်တော်ချုပ်က သုံးသပ်သည်။

**တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်**

၈၅။ တရားလွှတ်တော်ချုပ်သည် ညမထွက်ရအမိန့် ၃ ခုအား တင်းကျပ်သော စိစစ်စစ်ဆေးမှုဖြင့် စစ်ဆေးရာတွင် ပထမအချက်ဖြစ်သော သက်ဆိုင်ရာဒေသများနှင့်စပ်လျဉ်း၍ ကလေးသူငယ်

ရာဇဝတ်မှုများ တားဆီးရန်နှင့် ကလေးသူငယ်များ လုံခြုံရေးတိုးမြှင့်စေရန်အတွက် နိုင်ငံတော်တွင် ခိုင်လုံသောနိုင်ငံ့အကျိုးစီးပွားရှိခြင်းတွင် အမိန့် ၃ ရပ်စလုံးသည် လုံလောက်သော အကျိုးစီးပွားရှိသည်ကို တွေ့ရှိရသည်။ ဒုတိယအချက်ဖြစ်သော ကန့်သတ်မှုအနည်းဆုံးနည်းလမ်းဖြင့် အကျိုးစီးပွားရရှိစေခြင်းတွင် Quezon မြို့၏ ညမထွက်ရအမိန့်သည်သာလျှင် လုံလောက်သော ကင်းလွတ်ခွင့်များထည့်သွင်းပြဋ္ဌာန်းထားခြင်းကြောင့် အကျုံးဝင်သည်ကို တွေ့ရှိရသည်။ ထို့ပြင် Manila မြို့တော်၏ ညမထွက်ရအမိန့်တွင် ပြစ်တင်ရှုတ်ချခြင်း၊ ငွေဒဏ် နှင့် ထောင်ဒဏ်များ ထည့်သွင်း ပြဋ္ဌာန်းထားခြင်းသည် ဥပဒေအမှတ် ၉၃၄၄ ၏ ပုဒ်မ ၅၇(က)ကို ဆန့်ကျင်နေသည်။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များသည် ဥပဒေများနှင့် ညီညွတ်ရမည်ဖြစ်သဖြင့် အဆိုပါပြဋ္ဌာန်းချက်များသည် တရားမဝင်ပေ။

၈၆။ ထို့ကြောင့် Manila မြို့၏ ညမထွက်ရအမိန့်နှင့် Navotas မြို့၏ ညမထွက်ရအမိန့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင် ပျက်ပြယ်ပြီး Quezon မြို့၏ ညမထွက်ရအမိန့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည်ဖြစ်၍ တရားဝင် ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

**နိဂုံး**

၈၇။ အချုပ်အားဖြင့်ဆိုရသော် ဖိလစ်ပိုင်နိုင်ငံ၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်သော အထွေထွေအမှုအမှတ် ၂၂၅၄၄၂ အား လေ့လာရာတွင် ဥပဒေမူသဘောတရားတစ်ခုဖြစ်သည့် တရားရုံးတော်သို့ အခွင့်အရေးတစ်ရပ်ကို တောင်းဆိုရာတွင် တောင်းဆိုသူထံတွင် ယင်းအခွင့်အရေးကို တောင်းဆိုနိုင်သည့် အခွင့်အရေး(Legal Standing) ရှိမှသာ တောင်းဆိုရမည်ဖြစ်သည်။ တောင်းဆိုပိုင်ခွင့် မရှိသော အခွင့်အရေးများကို တောင်းဆိုပါက တရားရုံးတော်အနေဖြင့် အမှုအားဆုံးဖြတ်ပေးရန်မလိုပေ။ သို့သော် ယခုအမှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ တရားလွှတ်တော်ချုပ်သည် တောင်းဆိုသူတို့တွင်(Legal Standing) ပြည့်ဝစွာမရှိကြသော်လည်း အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့်အတွက် ဖြေလျှော့မှုများပြုလုပ်၍ စစ်ဆေးစီရင်ခဲ့သည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ ထို့ပြင် ပြစ်ဒဏ်အမျိုးအစားနှင့် စပ်လျဉ်း၍ သတိပေးဆုံးမသည့်ပြစ်ဒဏ်၊ ပြစ်တင်ရှုတ်ချဆုံးမသည့် ပြစ်ဒဏ်၊ ငွေဒဏ်နှင့် ထောင်ဒဏ် အမျိုးအစားများရှိသည်ကို လေ့လာတွေ့ရှိရသည့်အပြင် သတိပေးဆုံးမခြင်းကို ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အရ Navotas မြို့ နှင့် Manila မြို့တော်အုပ်ချုပ်ရေးအာဏာပိုင်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိသည့် ညမထွက်ရအမိန့်များအစား အရွယ်မရောက်သေးသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ပိုမိုအလေးပေးထားသည့် ညမထွက်ရအမိန့်များကို ထပ်မံ ထုတ်ပြန်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက် ခြင်း သည်

တရားစီရင်ရေး၏ဆုံးဖြတ်ချက်ကို လေးစားလိုက်နာစွာအကောင်အထည်ဖော်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ တရားစီရင်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ စိစစ်ရန် နည်းလမ်းများ၏ ကျယ်ပြန့် နက်ရှိုင်းမှုတို့ကိုလည်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ရည်ညွှန်းကိုးကားစာရင်း


၁။ The Philippine Constitution (1987)

၂။ Juvenile Justice and Welfare Act of 2006 (RA 9344)

၃။ Navotas City, through Pambayang Ordinansa Blg. 99-02,[4] dated August 26, 1999, entitled "Nagtatakda ng 'Curfew' ng mga Kabataan na Wala Pang Labing Walong (18) Taong Gulang sa Bayan ng Navotas, Kalakhang Maynila," as amended by Pambayang Ordinansa Blg. 2002-13,[5] dated June 6, 2002 (Navotas Ordinance);

၄။ City of Manila, through Ordinance No. 8046[6] entitled "An Ordinance Declaring the Hours from 10:00 P.M. to 4:00A.M. of the Following Day as 'Barangay Curfew Hours' for Children and Youths Below Eighteen (18) Years of Age; Prescribing Penalties Therefor; and for Other Purposes" dated October 14, 2002 (Manila Ordinance);

၅။ Quezon City, through Ordinance No. SP-2301,[7] Series of 2014, entitled "An Ordinance Setting for a [sic] Disciplinary Hours in Quezon City for Minors from 10:00 P.M. to 5:00A.M., Providing Penalties for Parent/Guardian, for Violation Thereof and for Other Purposes" dated July 31, 2014

၆။ Samahan Ng Mag Progresibong Kabatan (Spark),Oanne Rose Sace Lim, John Arvin Navarro Buenaagua, Ronel Baccutan, Mark Leo Delos Reyes, and Clarissa Joyce Villegas, (minor) for her father Julian Villegas, Jr. Vs Quezon City as represented by Mayar Herbert Bautista, City of Manila, as represented by Mayar Joseph Estrada and Navotas City as represented by Mayar John Rey Tiangco, 815 Phil 1067

၇။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ(၂)

၈။ https://lawi.asia/Philippine-legal-system

၉။ https://cacj-ajp.org/philippines/judiciary/history/